ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (6-12-2011) (၆၉၆၅)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက်

# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။**




အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj-Gen Anup Kumar Chakma, ndc, psc နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လိုက်ပါလာ**

ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီနှင့် အဆင့်မြင့်အရာရှိကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြသည်။ (သတင်းစဉ်)

### ကြိုဆိုနှုတ်ဆက်

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ယ နေ့ သ တ င်း အ ညွှ န်း

### ၂၀၁၀ စစ်တမ်းအရ လူဦးရေ ၃၄ သန်း HIV ကူးစက် AIDS ကြောင့် သေဆုံးသူ ၁ ဒသမ ၈ သန်းရှိ

“ **HIV/ AIDS** ကာကွယ်တိုက်ဖျက်ရေးအတွက် လူငယ်ထုအား ဦးစားပေးပြီး လူတန်းစားအလွှာစုံထိ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်မည် ”

ပြည်တွင်းသတင်း စာမျက်နှာ - ၉

### ပေါင်းဆန်စက်ရုံသစ်များ ထပ်မံလည်ပတ်မည်

“ မြန်မာ့ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ ထိ ဈေးကောင်းရရှိလာ၊ ရုရှားဈေးကွက်မှ အပြည့်အဝ ဝယ်ယူလျက်ရှိ ”

ပြည်တွင်းသတင်း စာမျက်နှာ - ၇

## ကနေရီကျွန်းစု ကမ်းလွန်ရေပြင် ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ကျွန်းမြေသစ်တစ်ခု ပေါ်ထွက်လာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ ခန့်မှန်း

**အင်တာနက် သဘာဝသိပ္ပံသတင်း**

**အယ်လ်ဟီရာရို ဒီဇင်ဘာ ၅**

ကနေရီကျွန်းစုတောင်ပိုင်း အတ္တလန္တိတ်ရေပြင်အတွင်း ဖြစ်ပေါ်နေသော ရေအောက်မီးတောင်ပေါက်ကွဲမှုတစ်ရပ်ကြောင့် **(ယာပုံ)** ကျွန်းမြေသစ်တစ်ခု ပေါ်ပေါက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ကနေရီကျွန်းစုတွင် ပါဝင်သော ကျွန်းများအနက် အသေးငယ်ဆုံးကျွန်းဖြစ်သည့် အယ်လ်ဟီရာရိုကျွန်း၏တောင်ဘက် သုံးမိုင်အကွာ သမုဒ္ဒရာရေအောက်ကြမ်းပြင်၌ လွန်ခဲ့သော တစ်လကျော်က ရေအောက်မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**※



ကြေးမုံစာတည်းရှုထောင့် ၆-၁၂-၂၀၁၁ [အင်္ဂါနေ့]။

# အက်တိကက်

မြန်မာနိုင်ငံသည် ခေတ်သစ်တစ်ခုဆီ ချင်းနင်းဝင်ရောက်လာခဲ့ပြီ။ အရှိန်အဟုန်လျှင်မြန်လှသည်ဟုပင် တချို့က ဆိုကြသည်။ တစ်ချိန်က အခြေအနေအရ စေ့ထားခဲ့သောတံခါးများက ခေတ်သစ်စနစ်သစ်တွင် တစ်ချပ်ပြီးတစ်ချပ်ပွင့်လာခဲ့သည်။ ဆက်၍ ဆက်၍လည်း ဖွင့်လာလိမ့်ဦးမည်။

တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ဦးတည်သည့် မြန်မာ့လူ့အဖွဲ့အစည်း၏ "အရွေ့"သည် ယခင့်ယခင်များနှင့် မတူဘဲ ထူးခြားသည်။ "ပြည်သူ့ဆန္ဒ" ဆိုသည့် စကားရပ်ကို နိုင်ငံခေါင်းဆောင်ပိုင်းကပင် အလေးအနက်ပြုကာ ထုတ်ဖော်ပြောကြားလာပြီး ပြည်သူတို့၏ ဆန္ဒကို အကောင်အထည်ဖော်ရန် အစွမ်းကုန် အားထုတ်ကြိုးပမ်းနေကြပြီ။ ဒီမိုကရေစီစနစ်၏အလိုအရ ပြည်သူ့အတွက် ပြည်သူအားဖြင့် ဖြစ်သည်။

ဤသို့သော အခြေအနေတွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ အချို့သောအစိတ်အပိုင်းများတွင် အရိုးစွဲနေသည့် အမူအကျင့်များကိုလည်း ကင်းစင်ပပျောက်သွားအောင် ဖယ်ရှားပစ်ဖို့လိုနေပြီဖြစ်သည်။ အမူအကျင့်များဟုဆိုရာတွင် အများပြည်သူနှင့် ဆက်စပ်သောနေရာဌာနနယ်ပယ်များ၌ တွေ့ရတတ်သည့် မကောင်းသောအမူအကျင့်များကို ဆိုလိုသည်။

မြန်မာ့သမိုင်းတွင် အတိတ်ကာလက ခေတ်ကြီးတစ်ခေတ်ကို ဖြတ်သန်းခဲ့ရသည်။ ထိုခေတ် ထိုစနစ်ကလည်း ပြည်သူ့အကျိုးစီးပွားကို သူ့နည်းသူ့ဟန်ဖြင့် အကောင်အထည်ဖော်ခဲ့ဖူးသည်။ ပြည်သူ့ဆိုင်၊ ပြည်သူ့ကုန်တိုက်၊ ပြည်သူ့မုန့်တိုက်၊ ပြည်သူ့ဆေးရုံ၊ ပြည်သူ့ဘဏ်၊ ပြည်သူ့ဝန်ထမ်း. . . စသည် စသည်ဖြင့် ။

ပြည်သူဟူသော အမည်နာမကို ရှေ့မှတပ်ကာ အကောင်အထည်ဖော်ခဲ့သည့်တိုင် ထိုခေတ် ထိုအခါက အထက်မှချမှတ်ခဲ့သော မူဝါဒများအောက်ခြေတွင် မည်သို့မည်ပုံ မည်မျှအကောင်အထည်ပေါ်ခဲ့သည်ကို ထိုခေတ်ကို ဖြတ်သန်းခဲ့ရသူတိုင်း ကြုံဖူးကြသည်။ သေချာသည်မှာ ပြည်သူ့နီတိများ ပြည်သူအကြားတွင် ပါးလျားပျောက်ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။

ပြည်သူနှင့်စပ်ဆိုင်သော နေရာဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါလျက်နှင့် မိမိစားပွဲရှေ့သို့ ရပ်လာသူအား မော့၍မျှပင်မကြည့်သည့် စာရေးစာချီဆိုး၊ အရာရှိဆိုးများ၊ လက်မှတ်တစ်စောင်ရရန်၊ ထောက်ခံချက်တစ်ခုရရန်၊ ချလန်တစ်ခုရရန်စသည့် အကြောင်းကြောင်းများကြောင့် ကြိတ်ကြိတ်တိုးတန်းစီနေကြရသူများ ရှေ့မှောက်တွင်ပင် ဝိုင်းဖွဲ့ထမင်းစားမပျက်တတ်ကြသည့် ဝန်ထမ်းများ၊ မသိနားမလည်ဘဲ ရောက်လာသည့် ပြည်သူတစ်ဦးကို သည်စားပွဲမှ ဟိုစားပွဲ၊ ထိုစားပွဲမှ နောက်စားပွဲ လက်ညှိုးထိုးပို့ကာ၊ တစ်နေ့ပြီးတစ်နေ့ချိန်းကာ ပညာပြတတ်ကြသည့် ရုံးဌာနများ စသည့်စသည့် ပြောမဆုံးအောင်ရှိနေတတ်သော ဖြစ်ရပ်သာဓကများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးရလဒ်မှာ လာဘ်ပေးလာဘ်ယူမှုများပေါ်ပေါက်လာခြင်းနှင့် ပြည်သူက အစိုးရအပေါ် အမြင်မကြည်လင်ခြင်းတို့ပင်ဖြစ်သည်။

စင်စစ်အားဖြင့် ဝန်ထမ်းသည်လည်း ပြည်သူကြားမှ ပြည်သူများပင်ဖြစ်ပြီး မိမိတို့ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို စေတနာအပြည့်ဖြင့် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် အများပြည်သူနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ကြရသည့် ဌာနများမှ ဝန်ထမ်းများဆိုပါက အက်တိကက်ကိုပါ အလေးထားကြရမည်ဖြစ်သည်။

အက်တိကက်(etiquette)ကို အောက်စ်ဖို့ဒ်အဘိဓာန်က The formal rules of correct or polite behavior in society or among members of a particular profession ဟု အနက်ဖွင့်ထားသည်။ "အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင်များအကြား သို့မဟုတ် လူ့အသိုင်းအဝိုင်းကြီးအတွင်း ထားရှိအပ်သော၊ သင့်မြတ်လျော်ကန်သည့်၊ ယဉ်ကျေးရည်မွန်သည့် အပြုအမူများဆိုင်ရာ ထုံးဓလေ့များ"ဟု ဆီလျော်အောင်ပြန်ဆိုနိုင်မည်ဖြစ်သည်။ အတိုဆုံး အကျဉ်းဆုံးဆိုပါက "ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးရည်မွန်မှု" ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် သမိုင်း၏ တစ်ချိုးတစ်ကွေ့သို့ ရောက်လာခဲ့ပြီ။ မဝေးတော့သည့် အနာဂတ်ကာလအတွင်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတစ်ရပ်ကို လက်ခံကျင်းပရန်၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဥက္ကဋ္ဌနိုင်ငံအဖြစ် တာဝန်ယူရန် စသည်တို့အပြင် စီးပွားရေးပိုမိုပွင့်လန်းလာမှုနှင့်အတူ အရှေ့ရော၊ အနောက်ပါ ကမ္ဘာ့အရပ်ရပ်မှ ဧည့်သည်များ၊ ကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ မီဒီယာသမားများ ပို၍ပို၍ ဝင်ရောက်လာကြတော့မည်။ ထိုအခါ အက်တိကက်သည်လည်း နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာနှင့်စပ်ဆိုင်လာတော့မည်ဖြစ်ရာ အမူအကျင့်ဆိုးတို့ကို မထားအပ်သည့်အမှိုက်သရိုက်များသဖွယ် ရှင်းလင်းသုတ်သင်ကြရန် အချိန်တန်နေပေပြီ။ ။

## ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ မန္တလေးမြို့၌ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြား၍ အလှူငွေများကို လက်ခံသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအုန်းလွင်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများထံ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နေ ဒေါ်မိုးမိုးက စိန်ဆွဲသီး တစ်ခု၊ ပုလဲအကြီး၊အသေး ကိုးလုံး၊ ကျောက်စိမ်းပြားသေး ၁၀ လုံး၊ မန္တလေးမြို့နေ ဦးအောင်ဝင်းခိုင်-ဒေါ်ကြူကြူဝင်း (Hi-Tech Group Co.,Ltd.) မိသားစုက အလှူငွေကျပ် ၅၄ သိန်း၊ ဦးခင်မောင်ချို-ဒေါ်ခင်ဥမ္မာ(KMC Education Center) မိသားစုက အလှူငွေကျပ် ၄၄ သိန်းနှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် အလှူရှင် ၁၂၁ ဦးက အလှူငွေ စုစုပေါင်း ငွေကျပ် ၅၂၉၂၉၉၀၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးအတွက် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဓမ္မပူဇာအစီအစဉ်အနေဖြင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် စေတီတော်ရင်ပြင်ရှိ ၁၅ ခန်းတွဲ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော်အရပ်လေးမျက်နှာမှ ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ ဥပါသကာနှင့် ဥပါသိကာမများက ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ ပါဠိတော်များကို တစ်ပြိုင်တည်းရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီမှ ဒီဇင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီအထိ ၉၉ နာရီကြာ ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၁၂-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ မျိုးချစ်တပ်မတော်
၄း၃၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၄၅ ၆။ အင်္ဂလိပ်စာသုတ
၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၆၀)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၂။ Guide For You
၆း၃၀ ၁၃။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၃၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေး
၂၁။ ဟာသရုပ်စုံ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၇)**
၂၄။ Mini Series

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၈၅၀ | ၀. ၀၃၂၄၈ |
| တရုတ် (ယွမ်) | ၆. ၃၆၄၆၀ | ၀. ၁၅၇၁၂ |
| အိန္ဒိယ (ရူပီး) | ၅၁. ၄၁၀၀ | ၀. ၀၁၉၄၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၇၀၀ | ၀. ၃၁၈၇၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၁၇၀ | ၀. ၇၈၀၂၂ |
| ဂျပန် (ယန်း) | ၇၈. ၀၁၁၂ | ၀. ၀၁၂၈၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၇. ၅၆ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၄၃၅၃ | ၁. ၃၄၄၉၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၈၀ | ၁. ၅၆၅၄၃ |

*အင်တာနက်။*

## မန္တလေးကုန်စည်ဈေးနှုန်း

(၅-၁၂-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၂၁၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၂၀၀၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၄၈၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၂၀၀/၃၆၀၀ |
| နှမ်းဆီ | ၂၃၅၀/၂၄၀၀ |
| ပန်းနှမ်းဆီ | ၂၆၅၀/၂၇၀၀ |
| နေကြာဆီ | ၂၃၀၀/၂၄၀၀ |
| မုန့်ညင်းဆီ | ၂၈၅၀/၂၈၅၀ |
| ပဲပုတ်ဆီ | ၁၉၀၀/၂၀၀၀ |
| ဝါစေ့ဆီ | ၁၇၀၀/၁၇၅၀ |
| စားအုန်းဆီ | ၁၇၇၀/၁၈၀၀ |
| ကြက်ဆူဆီ | ၃၂၀၀ |

**ဆန်ဈေး (သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ဧရာမင်း(ဟောင်း) | ၂၆၀၀၀ |
| သုခ-မတ္တရာ | ၁၃၀၀၀ |
| ရွှေသွယ် | ၁၂၀၀၀ |

(၀၀၂)

## အထက ဆားလင်းကြီး အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် တက်ရောက်ပူဇော်ကန်တော့ကြပါရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဒေါ်သန်းသန်းရီ (ရန်ကုန်မြို့) ဖုန်း-၀၁-၃၈၂၈၂၇၊ ဦးကျော်(မန္တလေးမြို့) ဖုန်း-၀၂-၆၄၁၈၉၊ ဦးမော်(တောင်ကြီးမြို့) ဖုန်း -၀၉-၅၂၁၃၂၁၅၊ ဦးဗိုလ်သောင်း(ဆားလင်းကြီးမြို့) ဖုန်း -၀၇၁-၇၀၄၄၄နှင့် ဦးနေဝင်းအောင် (ဆားလင်းကြီးမြို့) ဖုန်း-၀၇၁-၇၀၆၆၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုနှင့် "MYANMAR DISTRIBUTION GROUP CO., LTD. (GOLD ROAST COFFEE MIX)" တို့၏ ကူညီပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၁၀ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဦးသန်းမောင်(စစ်တွေ)က "နိုင်ငံတော်သစ်အတွက် လိုအပ်သော စီးပွားရေးဥပဒေသစ်များ" "NEW ECONOMIC LAWS NECESSARILY FOR THE NEW STATE" ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း စာကြည့်တိုက်များစွာ ဖွင့်လှစ်ထူထောင်ထား ပြည်သူများစာဖတ်သည့် အလေ့အကျင့်စွဲမြဲအောင်၊ တည်ထောင်ပြီးစာကြည့်တိုက်များ တည်တံ့ဖွံ့ဖြိုးအောင် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လေးခန်းတွဲ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကံ့ကော်လေးခန်းတွဲ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ ရွေးချယ်တင်မြှောက်ထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးဆိုင်ရာဥပဒေများအား





**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဆရာ၊ ဆရာမများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

တည်ထောင်လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤအသင်းအနေဖြင့် ဒေသတွင်းရှိ မတည်ငွေကြေးအခက်အခဲရှိသည့် တောင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအား အထိုက်အလျောက်အဆင်ပြေအောင် စီစဉ်ပံ့ပိုးပေးနိုင်မည်ဖြစ်



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ လေးခန်းတွဲ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

ခေတ်နှင့်အညီပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ဥပဒေသစ်များပြဋ္ဌာန်းပေးခြင်း၊ ပြည်တွင်းစီးပွားရေး အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းနှင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာအောင် ပြုပြင်ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဥပဒေသစ်များပြဋ္ဌာန်းခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်း၊ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် စေတနာရှင်၊ အလှူရှင်ပြည်သူများက နိုင်ငံတစ်ဝန်း စာကြည့်တိုက်များစွာ ဖွင့်လှစ်ထူထောင်ထားပြီးဖြစ်၍ ပြည်သူများ အမှန်တကယ်စာဖတ်သည့် အလေ့အကျင့်များစွဲမြဲလာအောင်၊ တည်ထောင်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်မားလာစေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိအနေဖြင့်လည်း ဤဒေသအတွင်း အခမဲ့ခွဲစိတ်ကုသမှု (၂)ကြိမ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ်တွင်လည်း အခမဲ့အထွေထွေခွဲစိတ်ကုသမှု နောက်(၁)ကြိမ် ထပ်မံစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများတွင်လည်း ဆေးငွေပဒေသာပင်များ စိုက်ထူထားရှိပေးထားရာ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းကော်မတီ(၈)ရပ်ဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းစဉ်များအား အထောက်အကူဖြစ်စေရန်အတွက် ပုလဲမြို့နယ်အတွင်း ငွေကျပ်သိန်းတစ်ထောင် မတည်၍ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ငွေစုငွေချေးအသင်း တစ်ခုကြောင်း၊ ဤအသင်းကြီး ပိုမိုကြီးထွားကျယ်ပြန့်လာအောင် ဒေသခံပြည်သူများက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းကို သင်ကြားမှု၊ နာယူမှု၊ စည်းကမ်းလိုက်နာမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးနှင့်အညီ လိုက်နာကျင့်ကြံမှုတို့တွင် စံပြကျောင်း တစ်ကျောင်းဖြစ်အောင် မိဘ၊ ဆရာ၊ ကျောင်းသားများက ဝိုင်းဝန်းထိန်းသိမ်း လိုက်နာဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အဆင့်မြင့်ပညာကို ဆက်လက်သင်ယူကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပိုမိုကျယ်ပြန့်သည့် လူမှုနယ်ပယ်၌ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အပျော်အပါးနှင့် လောင်းကစားလိုက်စားမှုစသည့် စိန်ခေါ်မှုအသစ်များကို သတိ၊ အသိနှင့်ယှဉ်၍ ကျော်လွှားပြီး မိမိတို့၏ ပညာရေးရည်မှန်းချက်များအောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် သညာအဆင့်မှ ပညာအဆင့်ထိ တက်လှမ်းနိုင်အောင်ပါ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မင်းတိုင်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးဇော်ဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ပုလဲမြို့နယ် ပညာရေးမှူး ဦးထိန်မင်းက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဆွေတို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုလဲမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေများကို လည်းကောင်း၊ ကံ့ကော်ကျောင်းဆောင်သစ်အတွက် ထပ်မံလှူဒါန်းငွေကျပ် ၁၇၃၇၈၁၆၀ ကိုလည်းကောင်း၊ နိုင်ငံတော်မတည်ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ရန် ကျေးရွာလေးရွာ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း မတည်ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ရန် ကျေးရွာလေးရွာ စုစုပေါင်း စာကြည့်တိုက် ရှစ်တိုက်အတွက် မတည်ငွေကျပ်သိန်း ၈၀ကို လည်းကောင်း၊ တည်ထောင်ပြီး စာကြည့်တိုက် ၅၄ တိုက်အတွက် သုတ၊ ရသစာအုပ်များကို လည်းကောင်း၊ ထန်းခင်းကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် သွပ်အချပ် ၁၀၀ကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးလှသိုက်က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး ငါးဘာသာဂုဏ်ထူးရှင် မောင်မင်းဝေက ပညာရည်ချွန်ဆုချီးမြှင့်မှုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၁၄၀၊ အနံပေ ၃၀ အုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းမှ စီစဉ်မတည်ငွေကျပ် ၅၂၈၇၈၁၆၀နှင့် ဒေသခံပြည်သူများမှ ထည့်ဝင်ငွေများဖြင့် ၂၀၁၁ ခုနှစ် ဇွန် ၁၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ စက်တင်ဘာလတွင် ပြီးစီးခဲ့ပြီး ငွေကျပ် ၆၆၆၁၁၂၂၇ ကုန်ကျခဲ့ကြောင်း သိရသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆေးတက္ကသိုလ်(၁)ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ၁၉၆၄ ခုနှစ်မှ စတင်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေများကို ဒေါက်တာကျော်ထွေး ဖုန်း-၀၁-၅၆၃၆၃၁၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း-၀၁-၆၂၉၃၆၇၊ ဒေါက်တာတင်မောင်ဝင်း ဖုန်း-၀၁-၂၉၀၃၉၀၊ ဒေါက်တာတင်ဦး ဖုန်း-၀၂-၈၀၆၈၅၊ ဒေါက်တာမြင့်မြင့်ဇင် ဖုန်း-၀၁-၅၆၁၈၃၇၊ ဒေါက်တာဥမ္မာသွင် ဖုန်း-၀၁-၅၃၇၆၅၆၊ ဒေါက်တာမျိုးလွင် ဖုန်း-၀၁-၅၀၅၀၂၉၊ ဒေါက်တာမြင့်မြင့်သွင် ဖုန်း-၀၁-၅၆၆၈၉၆၊ ဒေါက်တာခင်စန်းဝင်း ဖုန်း-၀၁-၆၆၁၅၄၅၊ ဒေါက်တာမေမြင့်ဦး ဖုန်း-၀၁-၆၅၂၆၆၅၊ ဒေါက်တာစိုးစိုး ဖုန်း-၀၉-၇၃၀၂၂၅၁နှင့် ဒေါက်တာစန်းဝင်း ဖုန်း-၀၉-၅၀၇၂၂၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)



# အပိုပစ္စည်းပြတ်လပ်မှုကြောင့် ဗြိတိန်၏ တိုင်ဖွန်းဂျက်တိုက်လေယာဉ် ထက်ဝက်ခန့် ပျံသန်းမှုရပ်နားထားရ

လန်ဒန် ဒီဇင်ဘာ ၅

**ဗြိတိန်ဘုရင့်လေတပ်မတော်၏ တိုင်ဖွန်းအမျိုးအစား ဂျက်တိုက်လေယာဉ်စင်းရေထက်ဝက်မျှတို့သည် စစ်ဘက်က အပိုပစ္စည်းထောက်ပံ့ပေးနိုင်ခြင်းမရှိသောကြောင့် ပျံသန်းမှုများ ရပ်နားထားရကြောင်း ဒီဇင်ဘာ ၄ ရက်သတင်းများတွင် ဖော်ပြထားသည်။**

လက်ရှိအချိန်၌ ဗြိတိန်လေတပ်၏ တိုင်ဖွန်းတိုက်လေယာဉ် အစင်း ၂၀ မျှသာ စစ်ရေးတာဝန်များ ထမ်းဆောင်နိုင်စွမ်းရှိပြီး ကျန်လေယာဉ်များမှာ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များ အရသိရသည်။

ဗြိတိန်လေတပ်သည် ပုံမှန်အားဖြင့် တိုင်ဖွန်းအမျိုးအစား ဂျက်တိုက်လေယာဉ် အစင်း ၄၀ မှ ၅၀ အထိ အသုံးပြုသည်။ တိုင်ဖွန်းဂျက်တိုက်လေယာဉ်များသည် တစ်စင်းလျှင် တန်ကြေးပေါင်စတာလင် ၁၂၆ သန်းရှိကြောင်း သိရသည်။

ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ဂျက်တိုက်လေယာဉ်များအတွက် အပိုပစ္စည်းများ ဖြုတ်ယူအသုံးပြုနိုင်ရန် ဗြိတိန်လေတပ်အကြီးအကဲများသည် အသုံးပြုဆဲ တိုင်ဖွန်းဂျက်တိုက်လေယာဉ်သုံးစင်းအား တာဝန်မှ အနားပေးခဲ့ရသည်အထိ အခြေအနေဆိုးရွားနေကြောင်း သတင်းများတွင် ဖော်ပြသည်။

သတင်းအရင်းအမြစ်များ၏ အဆိုအရ တိုင်ဖွန်းဂျက်တိုက်လေယာဉ်များ၏ ကွန်ပျူတာစနစ်များသည် ပြုပြင်ရန် အထူးလိုအပ်သော ပြဿနာများ၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း သိရသည်။

တိုင်ဖွန်းဂျက်တိုက်လေယာဉ်များကို ပြုပြင်ထိန်းသိမ်းရန် ယင်းလေယာဉ်များအား ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော ဘီအေအီးကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီနှင့် ပေါင်စတာလင် သန်း ၄၅၀ တန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုထားခဲ့သော်လည်း လေယာဉ်အပိုပစ္စည်း ပြတ်လပ်မှု ပြဿနာပေါ်ပေါက်နေခြင်းဖြစ်ကြောင်း သိရသည်။***အင်တာနက်။***



**ဗြိတိန် ဘုရင့်လေတပ်မတော်၌ အသုံးပြုလျက်ရှိသော တိုင်ဖွန်းအမျိုးအစား ဂျက်တိုက်လေယာဉ် တစ်စင်းကို တွေ့ရစဉ်။**
*(ဓာတ်ပုံ- အင်တာနက်)*



**နှစ်ပေါင်း ၅၀၀၀၀ သက်တမ်းရှိ ရှေးဟောင်းဆင်တစ်ကောင်၏ ဆင်စွယ်ကို သုတေသီတစ်ဦး လေ့လာနေစဉ်။**
*(ဓာတ်ပုံ- အင်တာနက်)*

# ရှေးဟောင်းဆင်၏ အရိုးမှ ဆင်ပုံတူကိုယ်ပွား ဖန်တီးရန် လေ့လာမည်

**မော်စကို ဒီဇင်ဘာ ၅**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ နှင်းခဲလွှာများအောက်၌ ရှာဖွေတွေ့ရှိခဲ့ရသော ရှေးဟောင်းဆင်၏ အရိုးတစ်ခုမှ မျိုးဗီဇကိုရယူကာ ရှေးဟောင်းဆင်ကို ပုံတူကိုယ်ပွားပြုလုပ်နိုင်ရန် ရုရှားနှင့်ဂျပန် သိပ္ပံပညာရှင်များ ပူးတွဲလေ့လာသွားမည်ဖြစ်ကြောင်း ကျိုဒို သတင်းဌာနက ဒီဇင်ဘာ ၅ရက်တွင် သတင်းထုတ်ပြန်သည်။

ယနေ့ကာလတွင် မျိုးသုဉ်းသွားပြီဖြစ်သော ရှေးဟောင်းအမွေးရှည်ဆင်၏ ပေါင်တွင်းရိုးတစ်ခုအတွင်း မပျက်မစီးတည်ရှိနေသော ရိုးတွင်းခြင်ဆီကို အသုံးပြုကာ ပုံတူကိုယ်ပွား ဖန်တီးသွားနိုင်မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြသည်။

ရုရှားဖက်ဒရေးရှင်း ဆာခါသမ္မတနိုင်ငံရှိ ရှေးဟောင်းဆင်ပြတိုက်နှင့် ဂျပန်နိုင်ငံကင်ကီး တက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များသည် ဆင်ပုံတူကိုယ်ပွားပြုလုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းကို လာမည့်နှစ်တွင် စတင်မည်ဖြစ်သည်။

***အင်တာနက်။***

# မြို့တော်ပေကျင်း၌ မီးခိုးမြူလွှမ်းခြုံ လေကြောင်းခရီးစဉ် အများအပြားကို ဖျက်သိမ်း

**ပေကျင်း ဒီဇင်ဘာ ၅**

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ မီးခိုးမြူများလွှမ်းခြုံနေမှုကြောင့် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် လေကြောင်းခရီးစဉ်ရာပေါင်းများစွာကိုဖျက်သိမ်းလိုက်ရပြီး အဝေးပြေးလမ်းများကို ပိတ်ထားလိုက်ရကြောင်း နိုင်ငံပိုင်စီစီတီဗွီရုပ်မြင်သံကြား သတင်းဌာနက သတင်းထုတ်ပြန်သည်။

မြို့တော်ပေကျင်းရှိ နိုင်ငံတကာလေဆိပ်၌ မီးခိုးမြူများ လွှမ်းခြုံနေခြင်းကြောင့် လေယာဉ်ခရီးစဉ်များကို ရွှေ့ဆိုင်းထားရသည်။ ပေကျင်းနိုင်ငံတကာလေဆိပ်သည် ကမ္ဘာပေါ်တွင် လေယာဉ်အဝင်အထွက်အများဆုံး လေဆိပ်များတွင် ပါဝင်သည်။

ပေကျင်းမြို့၌ လေထုလွှာအရည်အသွေးမှာ ဒီဇင်ဘာ ၅ ရက်က ဘေးအန္တရာယ်ပေးနိုင်သောအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ လေထုညစ်ညမ်းမှုမှာ ဆိုးရွားနေကြောင်း စီစီတီဗွီ ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

လေကြောင်းခရီးစဉ် ၄၀၀ ခန့်ကို ဒီဇင်ဘာ ၄ ရက်က ဖျက်သိမ်းခဲ့သည်။

ဒီဇင်ဘာ ၅ ရက် မွန်းတည့်ချိန်အထိ ပေကျင်းနိုင်ငံတကာလေဆိပ်၌ ပြည်တွင်းလေကြောင်းခရီးစဉ် ၁၃၂ ခုနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ် ငါးခုတို့ကို ဖျက်သိမ်းခဲ့သည်။

ပေကျင်းလေဆိပ်၌ ခရီးစဉ်ထောင်ပေါင်းများစွာ ပိတ်မိနေသည်ကို ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်သည်။

ပေကျင်းမှ တရုတ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းအများစုကို ဒီဇင်ဘာ ၅ ရက် အစောပိုင်းမှစ၍ ပိတ်ထားသည်။

***ဆင်ဟွာ။***

# ဗီယက်နမ်စစ်ပွဲ စစ်ကျန်လက်နက်များကြောင့် ပြည်သူ ၄၂၀၀၀ ကျော်သေဆုံးခဲ့

**ဟနွိုင်း ဒီဇင်ဘာ ၅**

ဗီယက်နမ်စစ်ပွဲ ပြီးဆုံး၍ ၃၆ နှစ်ကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း ဗီယက်နမ်ပြည်သူ ၄၂၀၀၀ ကျော်တို့သည် စစ်လက်ကျန်ဗုံးများ၊ မြေမြှုပ်မိုင်းများနှင့် ဓာတုပစ္စည်းများကြောင့် သေဆုံးခဲ့ကြရကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ယင်းအပြင် ဗီယက်နမ်စစ်ပွဲ လက်ကျန်လက်နက်ခဲယမ်းများ မတော်တဆပေါက်ကွဲမှုများကြောင့် ပြည်သူ ၆၂၀၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်သန်ဒေါင်းက မြေမြှုပ်မိုင်းဖျက်သိမ်းရေးဆိုင်ရာ အလှူရှင်များ ညီလာခံ၌ ပြောကြားခဲ့ကြောင်း သိရသည်။

စစ်ပွဲလက်ကျန် လက်နက်ခဲယမ်းများကြောင့် ဗီယက်နမ်ပြည်သူများ ထိခိုက်ခံစားနေရမှုအား ကူညီဖြေရှင်းပေးနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၆၂သန်းပေးအပ်ထောက်ပံ့ပေးထားကြောင်း ဗီယက်နမ်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒေးဗစ်ရှီးယားက မြေမြှုပ်မိုင်းဖျက်သိမ်းရေး အလှူရှင်များညီလာခံ၌ ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ စစ်ကျန်မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် လက်နက်ခဲယမ်းတန်ချိန် ၃၅၀၀၀၀ ကျော်တို့ တပြန့်တကျဲ ကျန်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု၏ ဗီယက်နမ်စစ်ပြန်များ အောက်မေ့ဖွယ် ရန်ပုံငွေအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

# ဒီရေတောများအတွင်း ရေလုပ်ငန်းလုပ်ဆောင်ခွင့်မရှိသည့် နယ်မြေများ မဒါဂတ်စကားကျွန်းဒေသခံရေလုပ်သားများ ပိုင်းခြားသတ်မှတ်

**ဘယ်လ်လိုဆားမား ဒီဇင်ဘာ ၅**

မဒါဂတ်စကားကျွန်းအနောက်ဘက်ကမ်းရိုးတန်းဒေသ၌ ဒီရေတောအကျယ်အဝန်း ဟက်တာ ထောင်ပေါင်းများစွာ တည်ရှိဆဲဖြစ်သော်လည်း အချို့သော ဒီရေတောဒေသများကို ရေလုပ်ငန်းလုပ်ဆောင်ခွင့်မရှိသော ကာကွယ်တောများအဖြစ် ဒေသခံရေလုပ်သားများက ကြေညာခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ကဏန်းနှင့် ငါးသတ္တဝါများ လွတ်လပ်စွာ မျိုးပေါက်ပွားနိုင်ရေးအတွက် မဒါဂတ်စကားကျွန်းအနောက်ဘက် ကမ်းရိုးတန်းရှိ ဒီရေတောဒေသအများအပြားကို ငါးမဖမ်းရနယ်မြေအဖြစ် တစ်နှစ်လျှင် လေးလထားရှိရန် ဒေသခံရေလုပ်သားများက သတ်မှတ်ခဲ့ကြကြောင်း ဗြိတိသျှအဏ္ဏဝါ ဂေဟဗေဒစနစ် ထိန်းသိမ်းရေးအဖွဲ့ တစ်ဖွဲ့က ပြောကြားခဲ့သည်။

ဒေသခံရေလုပ်သားများက ဘေးမဲ့ကာကွယ်တောများအဖြစ် သတ်မှတ်ပေးခဲ့သော ဒီရေတောဒေသများမှာ ဘယ်လ်လိုဆားမားမြို့အနီး တည်ရှိပြီး စုစုပေါင်း အကျယ်အဝန်း ဟက်တာ ၂၀၀ ရှိသည်။



မဒါဂတ်စကားကျွန်းစုနိုင်ငံ၏ ဒီရေတောများ၌ ယင်းနိုင်ငံ၏ အဓိကရေလုပ်ငန်းပို့ကုန်ဖြစ်သော Scylla Serrata မျိုးစိတ်ဝင် ရွှံ့ကဏန်းများ ကျက်စားနေထိုင်ကြကြောင်း သိရသည်။

မဒါဂတ်စကားကျွန်းစုနိုင်ငံ ကမ်းရိုးတန်းဒေသ၏ အကျယ်အဝန်း ၄၀၀၀ စတုရန်းကီလိုမီတာကို ဒီရေတောများက ဖုံးလွှမ်းထားသည်။

***အင်တာနက်။***

# ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသ၌ စီးပွားရေးဇုန်နယ်မြေ ထူထောင်မည်

**ဟနွိုင်း ဒီဇင်ဘာ ၅**

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၌ စီးပွားရေးဇုန်နယ်မြေကြီး တစ်ရပ်ကို ထူထောင်ရန် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ဆုံးဖြတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီက ဒီဇင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံ၏ စပါးကျီဟုတင်စားခေါ်ဝေါ်ခံရသော ဆန်စပါးစိုက်ပျိုးရာဒေသ၌ စီးပွားရေးဇုန် ထူထောင်မည်ဖြစ်သည်။

**မျှော်လင့်ရ**

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေးဇုန် ထူထောင်ခြင်းဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိဖြစ်သောကာလတွင် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ပျမ်းမျှတန်ဖိုး၏ ၁ ဒသမ ၂၅ဆ ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း၊ ယင်းဇုန်နယ်မြေ၏ ဂျီဒီပီတန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးတွင် ၄၀ ရာခိုင်နှုန်းအထိ ပါဝင်လာရန် ခန့်မှန်းရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မဲခေါင်မြစ်ဝှမ်းဒေသ၌ စက်မှုလုပ်ငန်းကဏ္ဍနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာရန် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ၏ သတင်းတွင် ဖော်ပြသည်။

မဲခေါင်မြစ်ဝှမ်း၏ စက်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍများ၏ ထုတ်လုပ်မှုတန်ဖိုးများ ပိုမိုမြင့်တက်လာရန်လည်း အစိုးရက မျှော်မှန်းသည်။

မဲခေါင်မြစ်ဝှမ်းဒေသ၌ နေထိုင်သူပြည်သူများ၏ တစ်ဦးကျဝင်ငွေသည် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၀၀ ရှိခဲ့ရာ၌ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၀၀၀ အထိ မြင့်တက်လာရန် ရည်မှန်းကြောင်း သတင်းတွင် ဖော်ပြသည်။

***ဆင်ဟွာ။***

# အာဖဂန်အနာဂတ်ရေးရာညီလာခံ ပါကစ္စတန်နှင့် တာလီဘန်မပါဘဲ ဂျာမနီနိုင်ငံ၌ ကျင်းပ

**ဘွန်း ဒီဇင်ဘာ ၅**

ဂျာမနီနိုင်ငံ ဘွန်းမြို့၌ တနင်္လာနေ့တွင် စတင်ကျင်းပသော အာဖဂန်နစ္စတန်၏ အနာဂတ်အရေးဆိုင်ရာ ညီလာခံသို့ အဓိကသက်ဆိုင်သူများဖြစ်သည့် ပါကစ္စတန်နှင့် တာလီဘန်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ခြင်းမရှိကြောင်း သတင်းများ၌ ဖော်ပြသည်။

**တက်ရောက်ခဲ့**

အာဖဂန်နစ္စတန်၏ အနာဂတ်အရေးဆိုင်ရာညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အာဖဂန်နစ္စတန်မှ အမေရိကန် ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များ ထွက်ခွာပြီးနောက် လိုအပ်လာမည့် ရေရှည်ငြိမ်းချမ်းရေး အစီအမံများနှင့် ဘဏ္ဍာရေးကဏ္ဍတို့ကို ညီလာခံတက်ရောက်လာသည့်နိုင်ငံများမှ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လွန်ခဲ့သည့်လက အာဖဂန်နယ်စပ်ဒေသတစ်လျှောက်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့များ လုပ်ဆောင်ခဲ့သည့် လေကြောင်းထိုးစစ်အတွင်း ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦး သေဆုံးခဲ့ရမှုကို အကြောင်းပြု၍ အာဖဂန်နစ္စတန်၏ အနာဂတ်ရေးရာညီလာခံသို့ ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်းမရှိပေ။

အလားတူ အာဖဂန်စစ်ရေးပဋိပက္ခအဆုံးသတ်ရေးအတွက် ကန့်လန့်ကာနောက်ကွယ် ဆွေးနွေးမှုများ၌ ပါဝင်ခဲ့သော်လည်း တာလီဘန်အဖွဲ့ကိုယ်စားလှယ်များကလည်း အဆိုပါညီလာခံသို့ တက်ရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

***အင်တာနက်။***



သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အခြေခံ ငါး/ပုစွန်ရောနှောမွေးမြူရေးနှင့်ငါးဆေးထိုးသားဖောက်ခြင်း သင်တန်းအမှတ်စဉ် (၃/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော်  ဒီဇင်ဘာ  ၅**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးအောင်ဇော်သိန်းတို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ခြောက်မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ငါးမြစ်ချင်းမွေးမြူရေးတွင် မြန်မာနိုင်ငံသည် ထိပ်တန်းမှ ရပ်တည်လျက်ရှိ ကုန်ထုတ်လုပ်ငန်းဇုန်များ တိုးချဲ့သွားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်

**နေပြည်တော်  ဒီဇင်ဘာ  ၅**

သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရေဆင်း၌ ကျင်းပသော အခြေခံ ငါး/ပုစွန်ရောနှောမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ် (၃/၂၀၁၁)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်း၏ ရည်ရွယ်ချက်များဖြစ်သည့် မြန်မာနိုင်ငံ၏ ငါးထုတ်လုပ်မှုကဏ္ဍ အစဉ်ဖွံ့ဖြိုးတိုးတက်နေစေရန်၊ မြန်မာ့တိုင်းရင်းငါးမျိုးများနှင့် ငါးသယံဇာတများကို မျိုးထိန်းသိမ်းစောင့်ရှောက်ရန်၊ ငါးမျိုးစိတ်သစ်များ သားဖောက်ခြင်းဆိုင်ရာ နည်းပညာသစ်များကို လက်ဆင့်ကမ်းဝေငှရန်၊ ရေချို/ရေငန်ပုစွန်သားဖောက်ခြင်းနှင့် ငါး/ပုစွန်ရောနှောမွေးမြူခြင်း နည်းပညာဖြန့်ဝေရန်၊ ငါးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်၊ ငါးမွေးမြူထုတ်လုပ်မှုတိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံငါးမွေးမြူရေးနှင့်ပတ်သက်၍ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် မက်ထရစ်တန်ချိန် ၈၁၆၈၂၀ ကို ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်တွင်းစားသုံးမှု ဖူလုံသည့်အပြင် မက်ထရစ်တန်ချိန် ၉၇၂၄၄ ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း၊ အာရှပစိဖိတ်ဒေသအတွင်း မြန်မာနိုင်ငံ၏ ငါးမွေးမြူထုတ်လုပ်မှုမှာ တိုးတက်မှု ၂၈ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ငါးမြစ်ချင်းမွေးမြူရေးတွင် မြန်မာနိုင်ငံသည် ထိပ်တန်းမှ ရပ်တည်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်း ရေနက်ကွင်းများမှ ငါးကန်နှင့် လယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်ရာတွင် အတိုင်းအတာတစ်ရပ်အထိ အောင်မြင်မှုရရှိခဲ့ပြီးဖြစ်သော်လည်း ရေနက်ကွင်းအများစုမှာ တစ်ဝက်တစ်ပိုင်းသာ အကောင်အထည်ဖော်နိုင်ခဲ့သဖြင့် ဆက်လက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ ယန္တရားကြီးများ အသုံးပြုကာ သားငါးနှင့် လယ်ယာမြေ ဆက်စပ်ဖော်ထုတ်၍ ကုန်ထုတ်လုပ်ငန်းဇုန်များ တိုးချဲ့သွားနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီခွဲကလည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနအနေဖြင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။  (သတင်းစဉ်)

## အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ လုပ်ငန်းအဖွဲ့များအစည်းအဝေး ကျင်းပ

နေပြည်တော်  ဒီဇင်ဘာ  ၅

**(၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (THE 12th ASEAN TELECOMMUNICATIONS & INFORMATION TECHNOLOGY SENIOR OFFICIALS MEETING-TELSOM) ၏ လုပ်ငန်းအဖွဲ့များ အစည်းအဝေး (JWG)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ပင်မအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။**

အစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ ဆက်သွယ်ရေးနှင့် အိုင်တီဝန်ကြီးဌာနများမှ တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်ကြပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း TELSOM မှ အကောင်အထည်ဖော်မည့် စီမံကိန်းများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ အာဆီယံအိုင်စီတီရန်ပုံငွေလျာထားမှုများ၊ ဝန်ကြီးအဆင့်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံ ဝန်ကြီးများ ပူးပေါင်းထုတ်ပြန်မည့် အာဆီယံ ICT ပူးပေါင်းဆောင်ရွက်ရေး ပူးပေါင်းကြေညာချက်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုပါ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး (၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး (THE 11th ASEAN TELECOMMUNICATIONS & INFORMATION TECHNOLOGY MINISTERS MEETING-TELMIN) ကို ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် TELSOM အစည်းအဝေးကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလတွင် လည်းကောင်း၊ ပထမအကြိမ် အာဆီယံ TELMIN အစည်းအဝေးကို မလေးရှားနိုင်ငံ၌ ၂၀၀၁ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း အသီးသီးစတင်ကျင်းပခဲ့ကြောင်း၊ နောက်ပိုင်းတွင် အဆိုပါအစည်းအဝေးနှစ်ခုကို တွဲလျက် အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများ၌ အိမ်ရှင်အဖြစ် လက်ခံ၍ နှစ်စဉ်ကျင်းပခဲ့ကြောင်းနှင့် ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**ဒီဇင်ဘာ ၅ ရက်က ရန်ကုန်မြို့ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် (၈၄)နှစ်မြောက် ထိုင်းဘုရင်မင်းမြတ်၏ မွေးနေ့နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**(၁၂)ကြိမ်မြောက် အာဆီယံကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ လုပ်ငန်းအဖွဲ့များ အစည်းအဝေး ကျင်းပစဉ်။**

(သတင်းစဉ်)



## အထက(သုဝဏ္ဏ) ဒသမအကြိမ်မြောက် အာစရိယပူဇော်မည်

**ရန်ကုန်  ဒီဇင်ဘာ  ၅**

သင်္ဃန်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) အငြိမ်းစားဆရာ၊ ဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီကကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် (မဟာသုဝဏ္ဏစာသင်တိုက်) ပေါ်ဆန်းမွှေးလမ်း(၂၉) ရပ်ကွက် သုဝဏ္ဏမြို့၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီးသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၆၅-၂၀၁၀) စာသင်နှစ်အားလုံးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန် နှိုးဆော်ထားပြီး ကိုယ်တိုင်လှူဒါန်းလိုသူများသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မတိုင်မီ အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း အထက(သုဝဏ္ဏ) မူလတန်းကျောင်းဆောင်၌ ကျင်းပရေးကော်မတီနှင့် တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်သည်။

ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဦးလှတင် ဖုန်း-၀၉-၅၀၅၀၅၁၆၊ ဦးစိုးပိုင် ဖုန်း-၀၉-၅၁၅၂၆၆၀၊ ဦးကျော်ကျော်သက် ဖုန်း-၀၉-၇၃၀၀၅၄၅၇၊ ဦးစိုးလွင် ဖုန်း-၀၉-၄၃၁၅၁၈၆၉၊ ဦးညွန့်ရွှေ ဖုန်း-၀၉-၇၃၆၄၀၆၀၊ ဦးဥက္ကာအေး ဖုန်း-၀၉-၅၁၄၄၀၂၃၊ ဦးကျော်ကျော် ဖုန်း-၀၉-၇၃၁၃၅၄၃၇၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၅၀၆၄၂၆၄၊ ဒေါ်လှဲလှဲဝင်း ဖုန်း-၀၉-၇၃၀၄၂၀၈၈ နှင့် ဒေါ်တင်တင်သန်း ဖုန်း-၀၉-၇၃၀၅၆၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## နောင်ချိုမြို့နယ်၌ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲများ ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၅**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် စာဆိုတော်နေ့အကြို စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၃ ရက်တွင် နောင်ချိုမြို့နယ် ဆမ္မဆည်ကျေးရွာ၌ ကျင်းပခဲ့ပြီး ဘန့်ဘွေးကျေးရွာ တောင်းခမ်း(တပ်နယ်) လုံကာအထက်တန်းကျောင်းနှင့် နောင်ချိုမြို့နယ်ခန်းမတို့၌လည်း စာပေဟောပြောပွဲများ ကျင်းပရာ စာရေးဆရာ ရွှေမြိုတ်သောင်းတင်၊ အမျိုးသားစာပေဆုရစာရေးဆရာများဖြစ်ကြသည့် မင်းရွှေမင်း (အင်းစိန်)နှင့် ရေနံမြေမောင်မောင်ကြည်တို့က စာပေရေးရာများ ဟောပြောခဲ့ကြောင်း သိရသည်။  (စိုးမင်း-သတင်းစဉ်)

## ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ ဒလ၌ ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၅**

ဒီဇင်ဘာ ၁ ရက်နံနက် ၁၀ နာရီတွင် ကမ္ဘာ့ခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများတက်ရောက်ကြ၍ (AMI)အဖွဲ့ တာဝန်ရှိသူများက ပညာပေးပျော်ပွဲရွှင်ပွဲတေးသရုပ်ဖော်များနှင့် ကျင်းပပြီး တက်ရောက်သူများအား ဧည့်ခံကျွေးမွေးကာ ကျန်းမာရေးဆိုင်ရာ မေးခွန်းများ တပျော်တပါး ဖြေကြားယှဉ်ပြိုင်ခြင်းနှင့် ဆုရရှိသူများအား ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။  (၆၁၁)

## ယ နေ့ ဖတ် စ ရာ မှတ် စ ရာ

# နဂါးမောက်ပင်နှင့် နဂါးမောက်သီးပင်

မြန်မာနိုင်ငံ၌ ပြည်ပမှ တင်သွင်းစိုက်ပျိုးသည့် သစ်သီးဝလံများအနက် နိုင်ငံတစ်ဝန်းလျင်မြန်စွာ ပျံ့နှံ့စိုက်ပျိုးစားသုံးနေသည့်အပင်များတွင် နဂါးမောက်သီးပင်လည်း ပါဝင်ပါသည်။ နဂါးမောက်သီးပင်ကို ၂၀၀၀ ပြည့်နှစ် လွတ်လပ်ရေးနေ့ ဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြေပဒေသာကျွန်းတွင် ဖွင့်လှစ်ခဲ့သည့်"ပျိုးခင်းဈေးပွဲတော်"တွင် အိမ်နီးချင်းနိုင်ငံမှ ပျိုးပင်များနှင့်အသီးများ တင်သွင်းကာ မြန်မာပြည်သူများအား စတင်မိတ်ဆက်ပေးခဲ့ပါသည်။

နဂါးမောက်သီးပင်၏ မူရင်းဒေသမှာ အလယ်ပိုင်းအမေရိကနှင့် တောင်အမေရိကနိုင်ငံများဖြစ်ပြီး စပိန်စကားဖြင့် PITAYA သို့မဟုတ် PITAHAYA ဟု ခေါ်ကြပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ဗီယက်နမ်နိုင်ငံမှ ရှေးဦးစွာ တင်သွင်းစိုက်ပျိုးလာခဲ့ကြောင်းသိရပြီး အသီးကို DRAGON FRUIT ဟု ခေါ်ဝေါ်ကြပါသည်။ နဂါးမောက်သီးနှင့် နဂါးမောက်သီးပျိုးပင်များကို ပျိုးခင်းဈေးပွဲတော်ဖွင့်ပွဲအမီ တင်သွင်းခဲ့ပြီး လိုအပ်သည့်အချက်အလက်များ ရှာဖွေကာ အပင်အကြောင်းပြုစုကမ္ပည်းထိုးရာတွင် အသီး၏အင်္ဂလိပ်အမည် DRAGON FRUIT ကို နဂါးမောက်သီး၊ အပင်ကို နဂါးမောက်သီးပင်ဟု အမြန်မြန်မာမှုပြု အမည်ပေးခဲ့ပါသည်။ နဂါးမောက်သီးနှင့် အပင်ကို စတင်တွေ့မြင်စားသုံးဖူးခြင်းဖြစ်ပြီး အပင်နှင့်ပတ်သက်၍ အသေးစိတ်မသိရှိခဲ့ပါ။

ပျိုးခင်းဈေးပွဲတော် ဖွင့်လှစ်ပြီး တစ်လခန့်အတွင်း "နဂါးမောက်" ပင်လိုချင်ကြောင်း၊ တိုင်းရင်းဆေးတွင်သုံးစွဲကြောင်း၊ တိုင်းရင်းဆေးဆရာတစ်ဦး (နာမည်မမှတ်မိတော့ပါ)က စုံစမ်းလာခဲ့ရာမှ နဂါးမောက်ပင်အမည်ဖြင့် မြန်မာနိုင်ငံတွင် အပင်များရှိပြီးဖြစ်ကြောင်းသိရှိရသဖြင့် ကျမ်းအကိုးအကားစာအုပ်များကို လေ့လာစိစစ်ခဲ့ရာ ၁၉၆၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည့် H.G Hundley နှင့်U Chit Ko Ko တို့ပြုစုခဲ့သည့် "List of Trees, Shrubs, Herbs and Principal Climbers etc" စာအုပ်တွင် မျိုးစု Leea အောက်ရှိ အပင်မျိုးစိတ်အချို့က မြန်မာအမည် "နဂါးမောက်ပင်"ဟု ခေါ်ကြောင်း သိရှိရပြီး မျိုးစိတ် ၁၄ စုခန့်ရှိကြောင်းနှင့် စပျစ်မျိုးရင်း "Vitaceae" တွင် ပါဝင်ကြောင်းဖော်ပြပါသည်။ (၁၉၈၆ ခုနှစ်တွင် စတုတ္ထအကြိမ်ရိုက်နှိပ်ရာတွင် "Leeaceae" မျိုးရင်းသစ်အောက်တွင် ထည့်သွင်းဖော်ပြထားပါသည်။) ဤနဂါးမောက်ပင်မျိုးစုမှာ အစေ့ရွက်စုံပင် (Dicotyledonous Plant) ဖြစ်ပြီး မြန်မာနိုင်ငံသို့ စတင်တင်သွင်းခဲ့သည့် "နဂါးမောက်သီးပင်" နှင့် လုံးဝကွဲပြားခြားနားနေပါသည်။

၂၂-၁၁-၂၀၁၁ နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၆) ကော်လံ (၁)တွင် ဖော်ပြထားသည့် "ကယားပြည်နယ်မှ လေ့လာရေးတောင်သူ ၂၇ ဦး တောင်သူပညာပေး စက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းကို ကြည့်ရှုလေ့လာ" ဟူသော သတင်းတွင် "စနစ်တကျစိုက်ပျိုးထားသော နဂါးမောက်ပင်များကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်" ဟု ရေးသားဖော်ပြခဲ့ရာ Dragon Fruit Tree ကို နဂါးမောက်သီးဟု မြန်မာမှုပြုပေးခဲ့သူအနေဖြင့် ပြည်သူများ ဒွိဟမပွားစေရေး ရှင်းလင်းပေးရန် တာဝန်ရှိလာပါသည်။

(Dragon Fruit Tree) နဂါးမောက်သီးပင်သည် မျိုးစု Hylocereus တွင်ပါဝင်ပြီး အစေ့ရွက်ထီးပင် (Mono cotyledonous Plant) ဖြစ်ပါသည်။ မျိုးစိတ် ၂၅ မျိုးခန့်ရှိကာ ရှားစောင်း(Cactus) မျိုးနွယ်ဝင်ဖြစ်ပြီး မျိုးရင်း Cactaceae တွင်ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် တင်သွင်းစိုက်ပျိုးနေသည့်မျိုးများမှာ H.undatus (Haworth) မျိုးစိတ်အောက်ရှိ မျိုးများဖြစ်ကြပါသည်။ နဂါးမောက်သီးပင်သည် အပူပိုင်းဒေသ သီးပင်မျိုးဖြစ်ကာ ရေငတ်ဒဏ်ကို အထူးခံနိုင်ရည်ရှိပါသည်။ အပူဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိပြီး ၄၀ ဒီဂရီစင်တီဂရိတ်ထိ ခံနိုင်ရည်ရှိကာ အအေးဒဏ်ကိုမူ မခံနိုင်ပါ။ အသင့်တော်ဆုံးအပူချိန်မှာ ၂၁ မှ ၂၉ ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ ပျမ်းမျှမိုးရေချိန် တစ်နှစ် ၆၀၀ မှ ၁၃၀၀ မီလီမီတာရရှိပါက ရှင်သန်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် အသီး အသားအဖြူရောင်မျိုးကို အများဆုံးစိုက်ပျိုးနေကြပြီး အသားအနီမျိုးနှင့် အဝါမျိုးများကိုလည်း တင်သွင်းစိုက်ပျိုးလျက်ရှိပါသည်။

နဂါးမောက်သီးပင်သည် အမှီအတွယ် အပင်၊ တိုင်တို့ဖြင့် စိုက်ပျိုးသည့် သစ်ကပ်ပင်(Epiphyte) မျိုးဖြစ်သော်လည်း ကပ်ပါးပင် (Parasite) မဟုတ်ပါ။ စီးပွားဖြစ်စိုက်ပျိုးရာတွင် မြေတွင်းရှိ အပင်၏အမြစ်များမှ လိုအပ်သည့် အစာအာဟာရများကို စုပ်ယူကြပြီး အမှီအတွယ်တွင် တွယ်ကပ်နေသည့်အမြစ်များမှလည်း ရေနှင့်အစာကို စုပ်ယူနိုင်ကြပါသည်။ နဂါးမောက်သီးပင်၏ ထူးခြားချက်တစ်ခုမှာ ပန်းပွင့်များသည် ညအချိန်တွင် ပွင့်လေ့ရှိပြီး နေ့ခင်းတွင် အစာဖြိုခွဲမှုထက် ညပိုင်းတွင် အစာဖြိုခွဲမှု (Respiration) ပြုသည့် Crassulacean Acid Metabolism (CAM) အပင်မျိုးဖြစ်သည့်အတွက် ရေငတ်ဒဏ်ခံနိုင်ကြခြင်းဖြစ်ပါသည်။ နဂါးမောက်သီးသည် ကျန်းမာရေးအတွက် အထောက်အကူပြုသည့် သစ်သီးဖြစ်ကာ အသီး အသားရောင်သုံးမျိုးအနက် အသားအနီရောင်မျိုးတွင် ကင်ဆာရောဂါ၊ နှလုံးရောဂါကို ကာကွယ်ရန်နှင့် သွေးတိုးနှုန်းကျစေနိုင်သည့်သဘာဝ(Antioxidant) တစ်မျိုးဖြစ်သော Lycopene ဓာတ် ပါဝင်သဖြင့် ကျန်းမာရေးအတွက် ပိုမိုအထောက်အကူပြုသည်ဟု ဆိုကြပါသည်။

မြန်မာနိုင်ငံတွင် ၁၀ စုနှစ်တစ်စုအတွင်း နဂါးမောက်သီးပင်သည် ပြည်သူအများကြိုက်နှစ်သက်ကာ စားသုံးမှုများပြားလာသည့် ကျန်းမာရေးအထောက်အကူပြုသစ်သီးဖြစ်ကာ ရာသီဥတုအလွန်အေးသည့်ဒေသများမှလွဲ၍ နိုင်ငံအနှံ့အပြားနီးပါးတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေပြီး ကျယ်ပြန့်စွာ စိုက်ပျိုးလာနေသည့် သစ်သီးပင်ဖြစ်နေပါပြီ။ နဂါးမောက်သီးပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ရယူစိုက်ပျိုးနိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက ခေါ်ဝေါ်သုံးစွဲလာခဲ့သည့် နဂါးမောက်ပင်ရှိပြီးဖြစ်၍ အသီးကို နဂါးမောက်သီးဟု ခေါ်ဝေါ်ရေးသားကြသကဲ့သို့ အပင်ကိုလည်း (Dragon Fruit Tree) နဂါးမောက်သီးပင်ဟု ခေါ်ဝေါ်ရေးသားကြပါရန် မေတ္တာရပ်ခံ ရေးသားတင်ပြအပ်ပါသည်။

ဒေါက်တာစိန်လှဗိုလ်

မီးဘေးရှောင် မလောင်ခင်တား
ညီနောင်သွေးချင်းများ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ကလေးမြို့နယ် ဆည်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပတ္တမြားကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကလေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၅

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကလေးမြို့နယ် နတ်မြောင်းကျေးရွာ တောင်သူ ဦးကြည်အောင်၏ ကွင်းအမှတ်(၈၁၀) ဦးပိုင်အမှတ်(၃) စိုက်ဧက ၃ ဒသမ ၂၀ ၌ မိုးစပါးအပြီး စားတော်ပဲ သီးထပ်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ စပါး၊ ပဲ၊ စပါး စသည်ဖြင့် တစ်နှစ် သုံးသီးစားစိုက်ပျိုးရေး၊ သီးနှံတစ်မယ်ချင်းအလိုက် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။**

ထို့နောက် ဆည်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ပတ္တမြားကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကိုတက်ရောက်၍ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကျောင်းအတွက် ရေဒီယို၊ ကက်ဆက်၊ ကျောင်းစိမ်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဂျာနယ်များကို ထောက်ပံ့ပေးအပ်ကြသည်။

ပတ္တမြားကျောင်းဆောင်သည် အလျား ၁၃၂ ပေ၊ အနံ ၃၁ ပေ၊ အမြင့် ၂၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး နိုင်ငံတော်က ငွေကျပ် ၃၇၅ သိန်း၊ ပြည်သူလူထု၏ ထည့်ဝင်ငွေကျပ် ၂၃၂ သိန်း စုစုပေါင်း ငွေကျပ် ၆၀၇ သိန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းကို ရောက်ရှိပြီး ရေလွှဲဥမင် အမှတ်(၁)နှင့်(၂) ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် ကလေးမြို့နယ်အတွင်းရှိ ကျော်ရွာ၊ သံဖိုကျေးရွာနှင့် နတ်ချောင်းကျေးရွာတို့ရှိ အခြေခံပညာကျောင်းများ၌ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံပြီး ကလေး-ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် (၇၈/၂)နှင့်(၇၈/၃)အကြားရှိ ဇင်းကလင်းတံတားအရှည်ပေ ၁၁၀ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကလေးမြို့ အောင်ဇေယျအားကစားခန်းမ၌ မြို့တော်ခန်းမတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင် ၂၀ တို့က စုပေါင်းထည့်ဝင်ငွေကျပ် ၉၅၈ သိန်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလက်ခံကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကလေး၊ မင်းကင်း၊ တမူး၊ ခါမ်းပတ်၊ မြို့သစ်၊ မော်လိုက်၊ ဖောင်းပြင်၊ ခန္တီးမြို့နယ်များရှိ ဒေသခံပြည်သူများ ကြည့်ရှုနိုင်ရန်အတွက် Sky Net ရုပ်မြင်သံကြားဖမ်းစက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ကလေးမြို့နယ် ကံကြီးကျေးရွာ၌ ပိုင်ရှင် ဦးကြီးငွေ၏ RRIM 600 (မုဒုံ)ရော်ဘာစိုက်ခင်း ၁၀ ဧက အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရော်ဘာစိုက်တောင်သူများနှင့်တွေ့ဆုံသည်။

ထို့နောက် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး ရေပိုလွှဲတည်ဆောက်နေမှု၊ ကလေး-ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင်တိုင်အမှတ်(၃၈/၃-၄)ရှိ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် တံတားအမှတ်(၁/၉၃) သံကူကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး နေရဂူရာခန်းမ၌ ကလေးခရိုင်၊ တမူးခရိုင်တို့မှ ဌာနဆိုင်ရာများနှင့်တွေ့ဆုံခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁ ရက်တွင် ကလေးမြို့ ကွန်ပျူတာတက္ကသိုလ် ပင်မသုံးထပ်ကျောင်းဆောင် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ကျောင်းဆောင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ မုံရွာ-ယာကြီးလမ်း မိုင်တိုင်အမှတ် (၂၃/၂-၃) မုံရွာအုပ်စုကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျောက်ချော ကတ္တရာလမ်း ခင်းကျင်းပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လမ်းခေတ္တပိတ်မည်

ရန်ကုန် ဒီဇင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်အပူဇော်ခံမည်ဖြစ်သည်။ ပင့်ဆောင်မည့်လမ်းများမှာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်မှ ကမ္ဘာအေးစေတီလမ်း၊ ပြည်လမ်းတို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အထိဖြစ်ရာ ဒီဇင်ဘာ ၈ ရက် နံနက် ၆ နာရီမှ ပင့်ဆောင်ပြီးစီးသည့်အချိန်အထိ ကမ္ဘာအေးစေတီလမ်း (ပါရမီလမ်းဆုံမှ ရှစ်မိုင်လမ်းဆုံအထိ)၊ ပြည်လမ်း(ရှစ်မိုင်လမ်းဆုံမှ လေဆိပ်လမ်းဆုံအထိ) လမ်းများကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ အသုံးပြုသွားလာကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၅

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ နိုဝင်ဘာ ၂၈ရက် နံနက် ၉ နာရီခွဲတွင် ပတ္တမြားခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လ/ထ ကထိကများ၊ ဌာနစုမှူးများ၊ နည်းပြများနှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃၀)မှ သင်တန်းသား ၇၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) နှစ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရွှေတောင်မြို့နယ် ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်) ငါးနှစ်ပြည့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အသင်းတည်ရာ ပဥ္စနိကာယသာသနဗိမာန်ကျောင်းတိုက် ရန်ကင်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော တိုက်နယ်သူ၊ တိုက်နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် ကြပါရန်နှင့် အသက် (၇၅)နှစ်အထက် ဘိုးဘွားများစာရင်းအား ကြိုတင်ပေးပို့ထားပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)



## (၅၃)ကြိမ်မြောက် သွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

နယူးလိုက်အော့(ဖ်)မြန်မာ သတင်းစာတိုက်(နေပြည်တော်) ကွန်ပျူတာဌာနမှ ဦးသိန်းငွေ (လူမှုထူးချွန်-တတိယဆင့်) **(ဝဲပုံ)**သည် ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ စံပြဆေးရုံကြီး(သဃ်န်းကျွန်း)၌ စေတနာအလျောက် (၅၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ငွေကြေးကောက်ခံမှု ညွှန်ကြား

**ကျောက်မဲ ဒီဇင်ဘာ ၅**

ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ခေါင်းစဉ်အမျိုးမျိုးပြ၍ ငွေကြေးကောက်ခံနေမှုများအား ပြုလုပ်ခြင်းမရှိစေရေးအတွက် မိမိကွပ်ကဲမှုအောက်ရှိ မြို့နယ်များသို့ ကြပ်မတ်သွားကြရန်နှင့် ငွေကြေးကောက်ခံရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့ထံ အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ ခွင့်ပြုချက်ရယူပြီးမှသာ ဆောင်ရွက်သွားကြရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ ကျောက်မဲ၊ လားရှိုး၊ မူဆယ်၊ ကွမ်းလုံ၊ လောက်ကိုင်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ် စသည့် ခရိုင်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများထံ အကြောင်းကြားထားသည်ဟု သိရသည်။ (၅၆၃)

**အိန္ဒိယနိုင်ငံ New Delhi တွင် ITEC အစီအစဉ်အရ National Institute of Entrepreneurship & Small Business Development (NIESBD)တွင် နိုဝင်ဘာ ၂၉ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ကျင်းပမည့် Women and Enterprise Development (WED) သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ကေခိုင်သန်းနှင့် နန်းဖြိုးရတနာတို့သည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အကြံပေး ဒေါ်သက်ရီ၊ အမှုဆောင် ဒေါ်သင်းသင်းဆက်နှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။** (ကြေးမုံ)



# ကားလမ်းနှင့် ရထားလမ်း နှစ်မျိုးပါဝင်သည့် အရှည်ဆုံးတံတားကြီး ရောဝတီတံတား(ပခုက္ကူ) အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ကျော်မိုးလွင်

ပုဂံ-ညောင်ဦးဒေသကြီး၏ ဆောင်းနံနက်ခင်းက စိမ့်စိမ့်ကလေး အေးနေသည်။

ရောဝတီတံတား(ပခုက္ကူ)၏ လက်ပန်ခြေပေါ်ဘက်ကမ်းရှိ မင်္ဂလာမဏ္ဍပ်ရှေ့၌ ဒေသခံပြည်သူတို့ တင်ဆက်သည့် "ပုဂံသူ" အက၊ "ကျောက်ဆည်ဆင်" အက၊ ကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာနှင့် ပန်းဖွားအကတို့က မြိုင်လှသည်။

ထို့အတူ လှမြင့်ဝင်း ဂုဏ်ပြုရေးသားပြီး အဆိုတော် ရီရီသန့်နှင့် နှင်းရီသန့်တို့သီဆိုသည့် (၈၀)ပေါ်တေးထပ်သံကလည်း ငြိမ့်ငြိမ့်ကလေး ထွက်ပေါ်နေသည်။ ထိုအလှအက၊ တေးသံသာတို့နှင့်အတူ ၁၆-၁၁-၂၀၁၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်အချိန်တွင် ရောဝတီတံတား(ပခုက္ကူ)၏ လက်ပန်ခြေပေါ်ဘက်ခြမ်းတံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်နှင့် ပခုက္ကူဘက်ခြမ်းတံတားပေါ်ရှိ မင်္ဂလာမဏ္ဍပ်တို့၌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လှိုင်တို့က တံတားကြီး၏ လက်ပန်ခြေပေါ်ဘက်ခြမ်း ရေလယ်တိုင်အမှတ် (RP.15) နှင့် (RP.16)ကြားရှိ တံတားသံပေါင်အခန်းနှင့် ပခုက္ကူဘက်ခြမ်းရှိ အပြီးသတ်သံပေါင်ကို ရွှေမှုလီများ တပ်ဆင်ပေးကြသည်။

ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့်အဖွဲ့သည် လက်ပန်ခြေပေါ်ဘက်ခြမ်း သံပေါင်ကို ရွှေမှုလီတပ်ဆင်ပေးပြီးနောက် ပခုက္ကူဘက်ခြမ်းရှိ အပြီးသတ် သံပေါင်ရွှေမှုလီတပ်ဆင်ပေးခြင်း မင်္ဂလာအခမ်းအနားကို သွားရောက်ပြုလုပ်ရာ၌ တံတားကြီးပေါ်တွင် ပူးတွဲတည်ဆောက်ထားသည့် ရထားလမ်းမှ ပထမဆုံးအဖြစ် ဖြတ်သန်းခုတ်မောင်းသည့် RGC မင်္ဂလာရထားဖြင့် စီးနင်းလိုက်ပါ ဖြတ်သန်းခဲ့ကြခြင်းဖြစ်သည်။

ရောဝတီတံတား (ပခုက္ကူ) သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် ၁၃၅၃၇ ပေ၊ မီးရထားလမ်းတံတားအရှည် ၂၀၅၉၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ နှစ်လမ်းသွားနှင့်ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ သုံးလက်မတို့ပါဝင်ပြီး ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၂ ပေရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

အဆိုပါ တံတားကြီးကို ၁၄-၁၂-၂၀၀၉ ရက်က မြေသန့်မင်္ဂလာ၊ ၁၅-၁၂-၂၀၀၉ ရက်က ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားများ ပြုလုပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၃)မှ အင်ဂျင်နီယာချုပ် ဦးရွှေလေးနှင့် အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးတို့က တာဝန်ယူတည်ဆောက်ခဲ့သော မြန်မာနိုင်ငံ၌ အရှည်ဆုံးတံတားကြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး တောင်အာရှနိုင်ငံများ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံလည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည်တို့နှင့်လည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်လျက်ရှိသောနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဆက်သွယ်မည့် အာရှနှင့် အာဆီယံလမ်းမကြီး၊ ဘင်းမ်စတက်လမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသအရှေ့၊ အနောက်၊ တောင်၊ မြောက် စီးပွားရေးဇုန်လမ်းမကြီးများနှင့် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးများအပြင် ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေး၊ ကုလားတန်မြစ်ကြောင်းပြုပြင်ရေး စသည့် စီမံကိန်းများရှိသည်။

အဆိုပါ စီမံကိန်းများအနက် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးစီမံကိန်းတွင် ပါဝင်သည့် မြဝတီမြို့မှ အုတ်တွင်း၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ပုဂံ၊ လက်ပန်ခြေပေါ်၊ ပခုက္ကူသို့ ဖြတ်ပြီး ကလေးဝနှင့် တမူးသို့သွားသည့် အဝေးပြေးလမ်းမကြီး စီမံကိန်းပေါ်တွင် တည်ရှိသော တံတားကြီးဖြစ်သည်။

ယခုအခါ တံတားကြီးနှင့် ဆက်စပ်လျက်ရှိသော ကားလမ်းတံတား၊ ရထားလမ်းတံတား၊ ပခုက္ကူဘက်ခြမ်းရှိ ပင်မတံတား ကြမ်းခင်းလုပ်ငန်းအချို့နှင့် လူသွားလမ်းတပ်ဆင်ခြင်း လုပ်ငန်းအချို့သာ ကျန်တော့သည်။ ထို့ကြောင့် တံတားကြီးတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးရေးနှင့် အမြန်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အထူးကြိုးပမ်းလျက်ရှိပါကြောင်း ကွင်းဆင်းသွားရောက် ဂုဏ်ပြုရေးသား တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ။



ရောဝတီတံတား(ပခုက္ကူ)

**အပြီးသတ် သံပေါင်များ ရွှေမှုလီတပ်ဆင်ပြီးသွားသော ရောဝတီတံတား (ပခုက္ကူ)ကို ဤသို့ တွေ့ရစဉ်။**

**တံတားကြီး၏ ချဉ်းကပ်ရထားလမ်းတံတားနှင့် ကားလမ်းတံတားများ တည်ဆောက်ပြီးစီးနေမှုကို ဤသို့ တွေ့ရစဉ်။**



## မွေးမြူရေးငါး ရှားပါးလာနိုင်

**ရန်ကုန် ဒီဇင်ဘာ ၅**

သဘာဝငါးဖမ်းလုပ်ငန်းတွင် ပင်လယ်ရေငန်ငါးဖမ်းလုပ်ငန်းနှင့် အင်းအိုင်ရေချိုငါးဖမ်းလုပ်ငန်းဟူ၍ နှစ်မျိုးရှိပြီး တားမြစ်ငါးဖမ်းကိရိယာများ သုံးစွဲခြင်း၊ ငါးဖမ်းသူများလာခြင်း၊ ငါးစားသုံးသူများလာခြင်း၊ ငါးဖမ်းကိရိယာများ ခေတ်မီလာခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသည့် ဧရိယာထက်ကျော်လွန်၍ ငါးဖမ်းဆီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် သဘာဝငါးဖမ်းလုပ်ငန်းတွင် ငါးဖမ်းဆီးရမိမှု နည်းလာကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝရေငန်ငါး၊ ရေချိုငါးများ ပေါများစွာရှိသည့် တိုင်းဒေသကြီးဖြစ်ပြီး ပိုလျှံသည့်ငါးများကို တစ်နိုင်ငံလုံးသို့ တင်ပို့နေရကြောင်း၊ သို့ရာတွင် ယခုအခါ အင်းအိုင်ငါးများပေါ်သည့်အချိန်နှင့် ပင်လယ်ငါးဖမ်းရာသီများ၌သာ ငါးပေါများသည်ကို တွေ့ရှိရပြီး ပင်လယ်ငါးဖမ်းရာသီမဟုတ်သည့် အချိန်၊ မိုးရာသီ အင်းအိုင်များ၌ ငါးမဖမ်းရသည့် အချိန်များတွင် ဧရာဝတီတိုင်းဒေသကြီး၌ ငါးရှားပါးပြီး ရန်ကုန်မှ မွေးမြူရေးငါးများဖြစ်သော ငါးတန်၊ ရေချိုငါးမုန့်၊ ငါးမြစ်ချင်း စသည့် ငါးများကို ဧရာဝတီတိုင်းဒေသကြီးသို့ ပြန်လည်တင်ပို့နေရသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် မွေးမြူရေးငါးသည် အဓိကနေရာ၌ ရောက်နေပြီဟု ဆိုရမည်ဖြစ်ကြောင်း၊ မွေးမြူရေးငါးသည် နိုင်ငံတော်၏ငါးစားသုံးမှုကို ထိန်းထားနိုင်ပြီး ပိုလျှံသည့်ငါးကို ပြည်ပသို့ ရောင်းချ၍ နိုင်ငံခြားငွေများ ရရှိနေကြောင်း။

သို့ရာတွင် ၂၀၁၀ ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာလ ပတ်ဝန်းကျင်၌ နိုင်ငံခြားငွေကြေးဈေးနှုန်း ပြောင်းလဲမှုများကြောင့်ဖြစ်ပေါ်သည့် ဈေးနှုန်းနှင့် ထုတ်လုပ်မှုစရိတ်ကိုက်ညီမှု မရှိသဖြင့် ငါးမွေးမြူသူများ အရှုံးပေါ်ခဲ့ရကြောင်း၊ ထို့ကြောင့် တစ်နှစ်ခန့် မွေးမြူရမည့် ငါးများကို ဆက်လက်မွေးမြူနိုင်ခြင်း မရှိသဖြင့် (၂၀၊ ၂၅၊ ၃၀) ကျပ်သားအရွယ်ခန့်ရှိ ငါးငယ်ငယ်များကို ဈေးကွက်တွင် အလုံးအရင်းဖြင့် ရောင်းချနေသည်ကို တွေ့ရှိရကြောင်း၊ ဤအချက်များကို ထောက်ရှု၍ ငါးမွေးမြူမှုလုပ်ငန်းများ ထုတ်လုပ်မှုကျဆင်းကာ မွေးမြူရေးငါး ရှားပါးလာနိုင်ကြောင်းဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။ (ညွှန့်သန်း)

## ဗဟန်းအမက(၃)(မူလွန်) မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ဗဟန်းအမက(၃)(မူလွန်) (၁၉၆၄-၂၀၁၁) ဒုတိယအကြိမ် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၄ ရက် (စနေနေ့) ညနေ ၅ နာရီတွင် Excell Treasure Hotel (Crystal Jade Hall) ၌ ကျင်းပမည်ဖြစ်ရာ ကိုကြည်ဝင်း ဖုန်း-၀၉-၅၀၅၄၀၆၉၊ မကြိုင်သင်းပျံ့အောင် ဖုန်း-၀၉-၅၀၆၆၃၂၂၊ ကိုသက်အောင် ဖုန်း-၀၉-၅၄၁၃၂၅၄၊ မနော်ဂရေ့မောင်မောင် ဖုန်း-၀၉-၅၀၅၀၄၃၂၊ ကိုကောင်းဆက်ထူး ဖုန်း-၀၉-၄၃၀၉၅၅၂၆၊ ပန်းသီး ဖုန်း-၀၁-၅၀၂၇၂၇ တို့သို့ ဆက်သွယ်၍ မိတ်ဆုံစားပွဲလက်မှတ်များ ဝယ်ယူနိုင်ကြောင်းနှင့် ကံစမ်းမဲများ ပါဝင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သိန်း ၅၀၀ နှင့် Sky Net အလုံး ၁၀၀ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲကို ဒီဇင်ဘာ ၄ ရက် ည ၇နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ပရိသတ်များအား အနုပညာရှင်များက တေးဂီတအစီအစဉ်များ၊ ကျော်ဇောလင်း(အတွေးပုံရိပ်)၏ **'လွဲခဲတယ်နော်'** ဟာသပြဇာတ်နှင့် မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **'မုဒိတာလွင်ပြင်'** အငြိမ့်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပေးအပ်လှူဒါန်း**

ပဒေသာကပွဲမစတင်မီ ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ Forever Group Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်ခင်လေးက ငွေကျပ် သိန်း ၅၀၀ နှင့် Sky Net ရုပ်သံလိုင်းမှ ဒါရိုက်တာ ဒေါ်နန်းမောဝ်လောဝ်ဆိုင်က Sky Net အလုံး ၁၀၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (ကိုချစ်)

## ပြည်ပဝယ်လိုအား ပြည့်မီအောင်တင်ပို့နိုင်ရေးအတွက် ပေါင်းဆန်စက်ရုံသစ်များ ထပ်မံလည်ပတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ပြည်ပဈေးကွက် တွင်ကျယ်စွာ ရရှိနေပြီဖြစ်သော ပေါင်းဆန်ကို ပြည်ပဝယ်လိုအား ပြည့်မီအောင် တင်ပို့သွားနိုင်ရေးအတွက် စက်ရုံသစ်များ ထပ်မံလည်ပတ်နိုင်ရန် စမ်းသပ်လျက်ရှိကြောင်း သတင်းရရှိသည်။

ပြည်ပဝယ်လိုအား ရှိသော်လည်း ပြည့်မီအောင် တင်ပို့နိုင်ခြင်းမရှိသည့်အတွက် လက်ရှိ ပေါင်းဆန်စက်ရုံများအပြင် စက်ရုံသစ်များ တည်ဆောက်လည်ပတ်ရန် စမ်းသပ်လျက်ရှိပြီး လည်ပတ်လျက်ရှိသော ပေါင်းဆန်စက်ရုံများတွင်လည်း အမေရိကန် လူစီယားနား တက္ကသိုလ် နည်းပညာသုံး ခေတ်မီဒေါင်လိုက် အခြောက်ခံစက်များကို ထပ်မံဖြည့်တင်း၍ ပေါင်းဆန်ထုတ်လုပ်မှု တိုးမြှင့်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ ကျိုက်လတ်နှင့် အိမ်မဲမြို့တို့တွင် ပေါင်းဆန်စက်ရုံများ လည်ပတ်လျက်ရှိပြီး ပြည်ပသို့ ထုတ်လုပ်တင်ပို့လျက်ရှိသည်။ ထို့အပြင် ပုသိမ်မြို့တွင် ထိုင်းနည်းပညာသုံး တန် ၂၀၀ ကျ ပေါင်းဆန်စက်ရုံ၊ ဝါးခယ်မတွင် တန် ၂၀၀ ကျ စက်ရုံ တည်ဆောက်လည်ပတ်နိုင်ရန် စမ်းသပ်လျက်ရှိသည်။ ဘိုကလေးမြို့တွင်လည်း အိန္ဒိယနည်းပညာသုံး ပေါင်းဆန်စက်ရုံ၊ ရန်ကုန်မြို့ လှည်းကူးတွင် အီတလီနည်းပညာသုံး ပေါင်းဆန်စက်ရုံတို့ကို လေ့လာစမ်းသပ် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိပြီး ရခိုင်ပြည်နယ် တောင်ကုတ်မြို့တွင်လည်း ပေါင်းဆန်စက်တစ်လုံး စမ်းသပ်လည်ပတ်လျက်ရှိကြောင်း သိရသည်။ ယင်းအပြင် ပဲခူးတိုင်းဒေသကြီးမှ ဆန်စက်ပိုင်ရှင်များကလည်း စိတ်ဝင်တစား လေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့စားနပ်ရိက္ခာ လိုအပ်ချက်များ ဖြည့်စွက်ရန် အစားအစာဖူလုံမှုအတွက် ဆန်စားသုံးမှုကို လျော့နည်းကျဆင်းစေသည့် အာဟာရပြည့် ပေါင်းဆန်၏ ပြည်ပဝယ်လိုအား မြင့်တက်လျက်ရှိပြီး ဈေးကွက်အာမခံချက် အပြည့်အဝရရှိနေသည်ဟု သိရသည်။ မြန်မာနိုင်ငံမှ ထုတ်လုပ်တင်ပို့လျက်ရှိသော ပေါင်းဆန်များ အကျိုးအကြေနည်းပါးပြီး ရောင်းတမ်းဝင်လာခြင်း၊ အနံ့အသက်ကင်းလာခြင်း၊ နည်းပညာအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ခြင်းတို့ကြောင့် မြန်မာ့ပေါင်းဆန်ဈေးကောင်းရရှိလာပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၆၀ အထိ ရရှိလာသည်။ ရုရှားဈေးကွက်မှ အပြည့်အဝဝယ်ယူလျက်ရှိပြီး အခြားသော နိုင်ငံများမှလည်း အလားအလာများရှိနေရာ ပေါင်းဆန်ပြည်ပဝယ်လိုအား ပြည့်မီအောင် တင်ပို့နိုင်ရေးအတွက် ဆန်စက်လုပ်ငန်းရှင်များနှင့် ပြည်ပပို့ကုန်ဆောင်ရွက်နေသူများ ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ (ဝဝ၁)



ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြတ်တော်ဝင်ဟိုတယ်ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သွားရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

**နေပြည်တော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ညနေ ၆ နာရီခွဲတွင် မြတ်တော်ဝင်ဟိုတယ်ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင်မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာအရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်၊ ကောင်စစ်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေစာချုပ်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj-Gen Anup Kumar Chakma , ndc,psc နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## သံအမတ်ကြီး ဦးညွှန့်လှိုင်အား ကိုရီးယားသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးညွှန့်လှိုင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၆-၁၂-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ သတ္တဌာန (ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈း၁၀ ၈။ အတီးပြိုင်ပွဲ
၈း၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၃၀ ၁၀။ "ရတနာပုံဖန်ပြွန်အလင်းမျှင်ဝါယာကြိုးစက်ရုံ"
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ "အမှန်ထင်နေသောအမှား"
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ အကပြိုင်ပွဲ
၅း၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၃၀ ၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၅ ၉။ "ဖွံ့ဖြိုးမှုအညီရွှေဘိုနှင့်စစ်ကိုင်းစက်ရုံများဆီ"
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၂၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "ချိုမြိန်ရသာမုန့်ကမ္ဘာ"
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မွေးစားသား" (အပိုင်း-၆)**
၂၀။ **အိန္ဒိယရုပ်ရှင် "အချစ်ဆိုသောအရာ" (အပိုင်း-၂)**
၂၁။ အစီအစဉ်ပြီး၏။

## ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရာတွင် အသုံးပြုမည့် သီချင်းများ ရေးစပ်သီကုံး၍ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရာတွင် (ဖွင့်ပွဲ/ ပိတ်ပွဲ) အခမ်းအနားများ၌ အသုံးပြုရန်နှင့် ပြိုင်ပွဲမတိုင်မီ လှုံ့ဆော်ရေးသီချင်းများအဖြစ် အသုံးပြုရန်အတွက် တေးသီချင်းအမျိုးအစား သုံးမျိုးအား ရေးစပ်သီကုံး၍ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

သတ်မှတ်ချက်များအနေဖြင့် Theme Song အမျိုးအစားသီချင်းအတွက် အားကစားပွဲတော်တစ်ခုလုံးကို ခြုံငုံ၍ မြန်မာ့အလှနှင့် ပေါင်းစပ်ရမည့်သီချင်းဖြစ်ရန် လိုအပ်ပြီး မြန်မာ/အင်္ဂလိပ် ကြိုက်နှစ်သက်ရာဘာသာဖြင့် ရေးစပ်သီကုံးနိုင်သည်။ သီချင်းကြာမြင့်ချိန် လေးမိနစ်မှ ငါးမိနစ်အတွင်း ဖြစ်ရမည်။

Dance Music အမျိုးအစားသီချင်းအတွက် ပျော်ရွှင်ပွဲများတွင် အသုံးပြုမည့် မြူးမြူးကြွကြွ ခေတ်ပေါ်အကသီချင်းအမျိုးအစားများဖြစ်ပြီး မြန်မာ/ အင်္ဂလိပ် ကြိုက်နှစ်သက်ရာဘာသာဖြင့် ရေးစပ်သီကုံးနိုင်သည်။ သီချင်းကြာမြင့်ချိန် လေးမိနစ်မှ ငါးမိနစ်အတွင်း ဖြစ်ရမည်။

Marching Song အမျိုးအစား ချီတက်သီချင်းအတွက် သံစဉ်သီးသန့်သော်လည်းကောင်း၊ သံစဉ်စာသားပေါင်းစပ်၍သော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သီချင်းကြာမြင့်ချိန် သုံးမိနစ်မှ လေးမိနစ်အတွင်း ဖြစ်ရမည်။

သီချင်းရေးစပ်သီကုံး ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် လိုက်နာရန်အချက်များမှာ ဖန်တီးထားသောသီချင်းများသည် မိမိကိုယ်တိုင် ဖန်တီးရေးစပ်ထားကြောင်း ဝန်ခံကတိပြုချက် ပါဝင်ရမည်။

သီချင်းအမျိုးအစားများကို Audio CD ဖြင့် ပေးရန်ဖြစ်ပြီး Melody အဆိုအကြမ်း(နမူနာ)၊Tempo (အနီးစပ်ဆုံး)၊ Chord Frame နှင့် Beating၊ သီချင်းပိုဒ်နေရာချထားမှုတို့ ပြည့်စုံစွာ ပါဝင်ရမည်။

ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် လျှောက်လွှာများကို လူထု/ပညာဌာနခွဲ ကျိုက္ကဆံအားကစားပြိုင်ကွင်း ရန်ကုန်မြို့၌ ဆက်သွယ်ရယူနိုင်ပြီး မိမိရေးစပ်သီကုံးယှဉ်ပြိုင်သည့် သီချင်းများအား ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ၎င်းဌာနခွဲသို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ ရွေးချယ်ခံရသည့်သီချင်းအတွက် ဆုကြေးငွေကျပ်သိန်း ၂၀ ချီးမြှင့်ပေးအပ်မည်ဖြစ်ပြီး ရွေးချယ်ထားသည့်သီချင်းများနှင့် ပတ်သက်သည့်ကိစ္စအဝဝကို အားကစားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရာတွင် လုပ်ငန်းရည်ရွယ်ချက် ကန့်သတ်မှုများ ဖြေလျှော့၊ ကုမ္ပဏီ၏သက်တမ်းတိုးမြှင့်သတ်မှတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ကုမ္ပဏီများ မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ရာတွင် လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းရည်ရွယ်ချက်များ ကန့်သတ်ထားခဲ့ရာ ရောင်းဝယ်ရေးလုပ်ငန်းတွင် လုပ်ငန်းရည်ရွယ်ချက် (၁၈) ခုအနက် နှစ်သက်ရာငါးခု၊ ဝန်ဆောင်မှုလုပ်ငန်းတွင် လုပ်ငန်းရည်ရွယ်ချက် (၁၁)ခုအနက် နှစ်သက်ရာလေးခု၊ စက်မှု/ ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်ငန်း ရည်ရွယ်ချက်(၁၄)ခုအနက် နှစ်သက်ရာလေးခုကို ရွေးချယ်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး သတ်မှတ်ကုမ္ပဏီသက်တမ်းနှစ်နှစ်မကုန်မီ နောက်ထပ်သက်တမ်း နှစ်နှစ်တိုးမြှင့်ခြင်းကို သက်တမ်းတိုးမှတ်ပုံတင်ကြေး ပေးသွင်းလျှောက်ထားခဲ့ကြရသည်။

ယခုအခါ စီးပွားရေးကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများပိုမိုရရှိစေပြီး မလိုလားအပ်သည့် အခက်အခဲများ ကြုံတွေ့ခြင်းမရှိစေရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ရာတွင် လုပ်ငန်းရည်ရွယ်ချက်ရွေးချယ်ရသည့် ကန့်သတ်ချက်များကို နိုင်ငံတော်က ဖြေလျှော့ပေးလိုက်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်း၊ ကုမ္ပဏီသက်တမ်းကိုလည်း နှစ်နှစ်အစား သုံးနှစ်သို့ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ပဲအထူးပြု ကုမ္ပဏီများဖွဲ့စည်း၍ ပဲအထွက်တိုးရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးဆောင်ရွက်နေ

**ရန်ကုန် ဒီဇင်ဘာ ၅**

ပဲစိုက်တောင်သူများအား ပဲမျိုးကောင်းမျိုးသန့်များရရှိပြီး အရည်အသွေးကောင်းမွန်သော ပြည်ပပို့ကုန်ပဲများထွက်ရှိရေးနှင့် သွင်းအားစုများ ပံ့ပိုးပေးနိုင်ရေးရည်ရွယ်၍ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ပဲအဓိကစိုက်ပျိုးကြသော ဒေသများ၌ ပဲအထူးပြုကုမ္ပဏီများကို ဖွဲ့စည်းတည်ထောင်ပေးထားကြောင်း သိရသည်။

ပဲအထူးပြုကုမ္ပဏီများကို ရန်ကုန်တိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် ကိုးခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခြောက်ခုနှင့် မကွေးတိုင်းဒေသကြီးတွင် သုံးခုကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ပဲအထူးပြုကုမ္ပဏီ ခြောက်ခု ထပ်မံဖွဲ့စည်းပေးသွားမည်ဟုလည်း သိရှိရသည်။

ပဲအထူးပြုကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းကြောင့် ပဲစိုက်တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သော ပဲများပိုမိုထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့ပြီးဈေးကောင်းရရှိကာ ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

(ကိုကြီးသာ)

**ခြင်ဆေးမီးပွား သေးငယ်ပြား ဒုက္ခများစွာပေးလိမ့်မည်**

## အထက(၂)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

အထက(၂)ဗိုလ်တထောင် (St.Phllip's) တွင် ၁၉၄၅ မှ ၂၀၀၉ ထိ ပညာသင်ကြားပေးခဲ့သော ဆရာများအား ဆဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူ(ငြိမ်း) ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူ ဖုန်း-၂၉၁၅၂၃၊ ဒေါက်တာထွန်းမြင့် ဖုန်း-၀၉-၅၀၁၈၇၄၃၊ ဦးအောင်ကျော်မြင့် ဖုန်း-၀၉-၅၀၄၇၄၄၂၊ ဦးထွန်းဇော် ဖုန်း-၀၉-၅၁၄၄၈၅၀၊ ဒေါက်တာဝင်းထွန်းဦး ဖုန်း-၀၉-၇၃၀၂၄၉၂၆၊ ဒေါ်သီသီလွင် ဖုန်း-၀၉-၅၁၅၈၁၅၉၊ ဒေါ်သန္တာအောင် ဖုန်း-၀၉-၇၃၁၂၀၁၀၄၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၅၁၅၂၂၀၉နှင့် ဒေါက်တာရှင်နှောင်းလွင် ဖုန်း-၀၉-၅၄၁၂၄၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅-၁၉၈၁ ခုနှစ် အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအတွက် ဘာသာရပ်ပေါင်းစုံမှ ပြည်တွင်း၊ပြည်ပ အင်ဂျင်နီယာနှင့် ဗိသုကာများက ဒုတိယအကြိမ် လှူဒါန်းငွေကျပ်သိန်း ၁၅၀ ကို လှူဒါန်းရာ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောမောင် လက်ခံစဉ်။** (ကြေးမုံ)



## ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် လူငယ်ရိုပ်မြုံဖွင့်ပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် လူငယ်ရိပ်မြုံဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က မြို့နယ်ကြက်ခြေနီအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းရုံး ဥက္ကဋ္ဌ ဒေါက်တာသစ်လွင်က အေအိုင်ဒီအက်(စ်)ရောဂါအကြောင်းကို ဆွေးနွေးဟောပြောပြီး လူငယ်မှ လူငယ်သို့ မျိုးဆက်ပွားကျန်းမာရေး ပညာပေးစီမံချက် ညှိနှိုင်းရေးမှူး ဒေါ်အိလှိုင်ထက်က လူငယ်ရိပ်မြုံဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားကို မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်လူရွယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်လေ့လာကြပြီး စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

❐ ကျောဖုံးမှ

ရည်မှန်းချက်များ အောင်မြင်စေရေးနှင့် သညာအဆင့်မှ ပညာအဆင့်ထိ တက်လှမ်းနိုင်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ အလှူရှင် ဦးစိန်ညို+ဒေါ်စန်းရင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်သိန်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများ အတွက် ဂုဏ်ပြုငွေကိုလည်းကောင်း၊ နိုင်ငံတော်မတည်ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ရန် ကျေးရွာ နှစ်ရွာ၊ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း မတည်ငွေဖြင့် စာကြည့်တိုက် ဆောက်လုပ်ရန် ကျေးရွာတစ်ရွာ ပေါင်းကျေးရွာ သုံးရွာ အတွက် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ တည်ထောင်ပြီး ကျေးရွာစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ် စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် ကျောင်းသူ မထူးထူးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းကို သီဆိုကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်ဆိပ်ကမ်းသို့ ကားသင်္ဘောသုံးစင်းရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကားစီးရေ ၁၀၀၀ တင်ဆောင်လာသည့် M.V CHANE YU သည် ဒီဇင်ဘာ ၄ ရက်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံ KOBE ဆိပ်ကမ်းနှင့် YOKOHAMA ဆိပ်ကမ်းတို့မှ ကား ၄၃၇ စီး တင်ဆောင်လာသည့် M.V MIN DORO သင်္ဘောသည် ဒီဇင်ဘာ ၄ ရက်တွင်လည်းကောင်း ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ရန်ကုန်ဆိပ်ကမ်းအမှတ်(၆) ဆူးလေ တံတားသို့ နိုဝင်ဘာ ၅ ရက်တွင် ကား အစီး ၁၁၀ ချထားခဲ့သည့် M.V OCEAN BLUE သင်္ဘောသည် ဂျပန်နိုင်ငံ KAWASAKI ဆိပ်ကမ်း၊ NAGOYA ဆိပ်ကမ်းနှင့် SENBOKU ဆိပ်ကမ်းတို့မှ ကားစီးရေ ၁၂၀၀ တင်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ဒီဇင်ဘာ ၁၀ ရက်တွင် ထပ်မံရောက်ရှိလာမည်ဖြစ်သည်။

သင်္ဘောဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်များအား လွယ်ကူမြန်ဆန်စွာ ထုတ်ယူနိုင်ရေးအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၁၂-၂၀၁၁(အင်္ဂါနေ့)**

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ **တစ်သက်ထက်မြတ်သော တစ်ရက်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်မာဃိန္ဒ)
၆း၃၀ ဆုပန်ရည်စူးအရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၄၇)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တွဲလက်မဖြုတ်တမ်း** (ဇာတ်သိမ်းပိုင်း)
၈း၅၀ R Zar Ni One Man Show (Part-3)
၉း၃၅ Cartoon Show Time (The Hunchback of Notre Dame II)
၁၀း၀၀ Activities in the City ကံဦးညဏ်ဦးလာဘ်ထူးစေတီတော် ထီးတော်တင်လှူပွဲအခမ်းအနား တော်ဝင်ကုမ္ပဏီ၏ ကထိန်အလှူတော် စတုဒိသာလှူဒါန်းပွဲ
၁၀း၂၅ Eternal Life စာပေဟောပြောပွဲ (ဒေါက်တာစိုးလွင်) အိပ်မက်ကမ္ဘာသို့သွားရာလမ်း
၁၀း၅၀ Activities in the City
၁၁း၀၅ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ(အပိုင်း-၁)
၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သံစဉ်ချိုအိပ်မက်လေး** (အပိုင်း-၂၁)
၁၂း၃၅ Activities in the City
၁း၀၀ **တစ်သက်ထက်မြတ်သော တစ်ရက်** တရားတော် (ဆရာတော် ဓမ္မဒူတအရှင်မာဃိန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရယ်စရာဗေးရှင်း
၂း၅၀ Activities in the City
၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ**(အပိုင်း-၄၇)
၄း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **တွဲလက်မဖြုတ်တမ်း** (ဇာတ်သိမ်းပိုင်း)
၄း၅၅ ဝက်ခြံနှင့်အသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ဆွေးနွေးခန်း (ဆယ်ကျော်သက်ကဏ္ဍ)
၅း၁၀ အထက(၁)မိတ္ထီလာ၏ အာစရိယပူဇော်ပွဲအခမ်းအနား
၅း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သံစဉ်ချိုအိပ်မက်လေး** (အပိုင်း-၂၁)
၆း၀၀ MRTV-4 သတင်း
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၄၈)
၇း၁၀ R Zarni One Man Show (Part-4)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ(အပိုင်း-၂)
၉း၁၀ Road To Miss People Contest
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်ရာ** (အပိုင်း-၁)
၁၀း၁၀ Celebrity Choice (ဝါဆိုမိုးဦး)
၁၀း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သံစဉ်ချိုအိပ်မက်လေး** (အပိုင်း-၂၂)
၁၁း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၄၀ The Champion of Dance
၁၂း၂၀ အနုပညာမိုးကောင်းကင်
၁၂း၄၀ Celebrity Style (ဇေယျ)
၁း၀၅ သီးနှံစိုက်ပျိုးအထွက်တိုးဆောင်းရာသီပဲတီစိမ်းပန်းတိုင်
၁း၁၀ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း(ပါမောက္ခဒေါက်တာ-စောနောင်)
၁း၄၀ World of Knowledge
၂း၃၀ ချစ်တတ်ကြရအောင် ထွန်းထွန်းဝင်း၊အောင်ရဲလင်း၊ ချစ်စနိုးဦး၊သန်းသန်းစိုး ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၂း၄၀ အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့်ဟိမဝန္တာခန်း)
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ မြန်မာတို့၏စွဲမက်ဖွယ်ရာ ထိုးမုန့်၊လမုန့် အရသာ
၄း၁၀ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၄း၂၅ ဖူးကာင့်ပွင့်. . . တင့်ကာဝင့်ကြွား ဆောက်လုပ်ရေး၏အားမာန်များ
၄း၄၅ တောင်းဆုအမှန်ပြည့်မည်ဇေန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
၅း၀၀ အစီအစဉ်ပြီး၏။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ခြင်း နည်းပညာဆွေးနွေးပွဲ လူငယ်များ တက်ရောက်စေလို

သိပ္ပံနှင့် နည်းပညာများ နေ့စဉ်တိုးတက်ဖြစ်ပေါ်လျက်ရှိသည့် ယနေ့အချိန်ကာလတွင် သက်ဆိုင်ရာပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် နည်းပညာဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲများ လုပ်ဆောင်လာကြသည်ကို အားရဖွယ် တွေ့နေရသည်။

ယင်းတို့အနက် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech ၌ Forever Group Co.,Ltd. နှင့် မလေးရှားနိုင်ငံ Asia-Pacific Broadcasting Union တို့ ပူးပေါင်း၍ "ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ခြင်းနည်းပညာဆွေးနွေးပွဲ" (Broadcasting Technologies Workshop) ကျင်းပမည့် အစီအစဉ်ကိုလည်း သတိပြုမိသည်။

၎င်းကဲ့သို့သော ဆွေးနွေးပွဲမျိုးသည် နည်းပညာရပ်ဆိုင်ရာ အခွင့်အရေးကောင်းတစ်ရပ်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်ခြင်းနည်းပညာနှင့် စပ်လျဉ်း၍ ခေတ်မီတိုးတက်သည့် နည်းပညာများ၊ အတွေ့အကြုံများရနိုင်မည့် ဆွေးနွေးပွဲကို လူငယ်များ တက်ရောက်သင့်ကြောင်း၊ သိရှိလိုသည်များကိုလည်း ဝင်ရောက်ဆွေးနွေးမေးမြန်းသင့်ကြောင်း အကြံပြုအပ်ပါသည်။

(ကိုအောင်)

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၅

**ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ နေပြည်တော် ပျဉ်းမနားမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်ဦး ဦးဆောင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

အဆိုပါကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင့်ဆန်း၊ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော်နှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ထိုက်တို့ ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

**၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြစဉ်။**
(သတင်းစဉ်)



# မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ ၇၅ နှစ်နှင့် အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၁၀ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်) ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင် သား၊ သမီးများ၏ အောင်လက်မှတ်နှင့် အမှတ်စာရင်း အထောက်အထားများကို အမှတ်(၂၃၈) ရွှေဘုံသာအလယ်လမ်း ပန်းဘဲတန်းမြို့နယ် မြန်မာ့မျက်မှန် ဦးစိုးပိုင်(အသင်းအတွင်းရေးမှူး) ဖုန်း-၂၄၀၉၅၆၊ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့် ဖုန်း-၂၂၇၀၄၉၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွှန့် ဖုန်း-၂၄၁၁၅၇၊ အသင်း ရုံးတာဝန်ခံ ဦးမြင့်မောင် ဖုန်း-၂၁၁၂၆၇ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ၂၀၁၀ခုနှစ် စစ်တမ်းအရ ကမ္ဘာ့လူဦးရေ ၃၄ သန်း HIV ကူးစက်ခဲ့ HIV ပိုးတွေ့လူနာ အသစ် ၁ ဒသမ ၇ သန်း နှင့် AIDS ရောဂါကြောင့်သေဆုံးသူ ၁ ဒသမ ၈ သန်းအထိ ရှိလာ

**နေပြည်တော် ဒီဇင်ဘာ ၅**

လူငယ်ထုအတွင်း HIV/AIDS ကာကွယ်တားဆီးရေးစီမံချက်သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သက်တမ်းအကြာဆုံး HIV/AIDS တိုက်ဖျက်ရေးစီမံချက်ဖြစ်ပြီး မြို့နယ်ပေါင်း ၁၀၈ ခုတွင် ၁၉၉၄ ခုနှစ်ကတည်းက အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်း လူငယ်လူရွယ်များအား ဦးတည်က ပညာပေးဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် စစ်တမ်းအရ ကမ္ဘာ့လူဦးရေ ၃၄ သန်းတွင် HIV ကူးစက်ခံရပြီး ၂၀၁၀ ခုနှစ် တစ်နှစ်အတွင်း HIV ပိုးတွေ့လူနာ အသစ် ၁ ဒသမ ၇ သန်းနှင့် AIDS ရောဂါကြောင့် သေဆုံးသူ ၁ ဒသမ ၈ သန်းရှိကြောင်း၊ ခန့်မှန်းချက်များအရ မြန်မာနိုင်ငံတွင် တစ်နှစ်အတွင်း ပိုးတွေ့လူနာသစ် ၁၇၀၀၀၊ AIDS ရောဂါကြောင့် သေဆုံးသူ ၁၇၅၀၀ နှင့် ART ဆေးကုသမှု လိုအပ်သူ ၇၄၀၀၀ ခန့်ရှိကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် HIV/AIDS ကာကွယ်တိုက်ဖျက်ရေးအတွက် ပညာပေးခြင်း၊ လူငယ်ထုအား ဦးစားပေးပြီး လူတန်းစားအလွှာစုံထိ ရောက်ရှိအောင် ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပအလှူရှင် လူမှုအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းပါဝင်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဦးလှဖေက ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက AIDS ရောဂါကြောင့် ဆုံးပါးသွားသူများအား ရည်စူး၍ ဖယောင်းတိုင်မီးများထွန်းညှိကာ တစ်မိနစ်ငြိမ်သက်စွာ ဆုတောင်းမေတ္တာပို့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသူများသည် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာကြပြီး အသင့်ချိတ်ဆွဲထားသော ဗီနိုင်းများတွင် အမှတ်တရ စာတမ်းများ ရေးသားကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း(IFRC) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူငယ်ထုအတွင်း HIV/AIDS ကာကွယ်တားဆီးရေးစီမံချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးနှင့် အမျိုးသားများအတွင်း HIV/AIDS ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ခြင်း၊ အဝေးပြေးမော်တော်ယာဉ်လုပ်သားများဆိုင်ရာ HIV/AIDS ကာကွယ်တားဆီးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လူငယ်မှလူငယ်မျိုးဆက်ပွား ကျန်းမာရေးပညာပေးခြင်း၊ လူထုအခြေပြု HIV/AIDS ဆိုင်ရာ ပြုစုစောင့်ရှောက်မှုပေးခြင်း၊ လူထုအခြေပြု ကျန်းမာရေးမြှင့်တင်မှု ဆောင်ရွက်ပေးခြင်း၊ လူထုအခြေပြု ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ခြင်း၊ စေတနာသွေးသန့်သွေးလှူရှင် စုဆောင်းရေးအတွက် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို တစိုက်မတ်မတ် စနစ်တကျဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် Asia Billiards & Snooker Centre (လမ်းမတော်) တို့ ပူးပေါင်းကျင်းပသော စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ Asia Billiards & Snooker Centre ၌ ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌက စနူကာအငယ်တန်း၌ ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စနူကာအကြီးတန်း၌ ပထမ၊ ဒုတိယနှင့် တတိယဆုရ အားကစားသမားများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**※ ရှေ့ဖုံးမှ**

အပူချိန် မြင့်မားသောချော်ရည်များနှင့် ဓာတ်ငွေ့များ ပန်းထွက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ မီးတောင်ပေါက်ကွဲမှုသည် ကနေရီကျွန်းစုဒေသ၏ ကာလရှည်မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ယင်းပေါက်ကွဲမှုကြောင့် အယ်လ်ဟီရာရိုကျွန်း ကမ်းရိုးတန်းတောင်ပိုင်း၌ ကျွန်းသစ်တစ်ကျွန်း သို့မဟုတ် ဆက်စပ်နယ်မြေသစ်တစ်ခု ပေါ်ထွန်းလာနိုင်သည်။

ရေအောက်မီးတောင်ပေါက်ကွဲမှုမဖြစ်မီ လွန်ခဲ့သည့် လေးလခန့်က အယ်လ်ဟီရာရိုကျွန်း၌ ဘူမိမြေလွှာတုန်ခါမှုပေါင်း အကြိမ် ၁၁၀၀၀ ကျော် ဖြစ်ပေါ်ခဲ့ကြောင်း ကနေရီကျွန်းစု မီးတောင်ဗေဒဌာနမှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားခဲ့သည်။

အယ်လ်ဟီရာရိုကျွန်း ကမ်းရိုးတန်းတောင်ပိုင်း၌ ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်ရေပူများ သမုဒ္ဒရာကြမ်းပြင် မြေလွှာအောက်မှ တိုးထွက်လာခဲ့ပြီး ကျွန်း၏မြောက်ဘက် ရေပြင်ရေအောက်ကြမ်းပြင်တွင်လည်း အလားတူဖြစ်စဉ်မျိုး ပေါ်ပေါက်လာဖွယ် ရှိ၊ မရှိ သိပ္ပံပညာရှင်များက လေ့လာသုံးသပ်လျက်ရှိသည်။

ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် အယ်လ်ဟီရာရိုကျွန်းပေါ်ရှိ အရက်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် ဟိုတယ်များ ပိတ်ထားရပြီး ဒေသခံအများအပြားမှာလည်း ဘေးလွတ်ရာ ရှောင်တိမ်းနေကြရကြောင်း သိရသည်။

ရေအောက်မီးတောင်ပေါက်ကွဲမှု ရပ်တန့်နိုင်ဖွယ်ရှိမည့် အချိန်ကာလနှင့် အခြေအနေအရပ်ရပ် ပုံမှန်ပြန်လည်ဖြစ်လာမည့် အချိန်ကာလများကို အယ်လ်ဟီရာရိုကျွန်းဒေသခံများအနေဖြင့် အတိအကျမပြောနိုင်သေးကြောင်း သိရသည်။ **အင်တာနက်။**



# ဂေါက်သီးရိုက်စည်းမျဉ်းစည်းကမ်း အခြေခံသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် R & A Rules Limited (St. Andrews)တို့ ပူးပေါင်းကျင်းပသော ဂေါက်သီးရိုက် အားကစားနည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း(Introductory Rules School, Level-1) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မြန်မာဂေါက်သီးရိုက်အသင်း (၉-မိုင် ပြည်လမ်း) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း၊ ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ မြန်မာဂေါက်သီးရိုက်အသင်း Captain ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ယခုသင်တန်းသည် မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ ယင်းသင်တန်းကို အခြားနိုင်ငံသို့ တက်ရောက်သင်ကြားရမည်ဆိုလျှင် ကုန်ကျစရိတ်များပြားပြီး မလွယ်ကူ၍ ယခု မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က အကုန်အကျခံ၍ ဖွင့်လှစ်ပေးနိုင်သောကြောင့် သင်တန်းသား၊ သင်တန်းသူများ ကြိုးစား၍ သင်ယူကြစေလိုကြောင်းဖြင့် ပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၃၄ ဦး၊ သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၄၁ ဦး တက်ရောက်ကြပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ဂျီတီအိုင်ကျောင်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ (၁၆) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် မန္တလေးမြို့ မဟာမြဲမိုရ် ကာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး အာစရိယပူဇော်ပွဲအကြို ဂျီတီအိုင်ကျောင်းသားများ၏ (၁၆)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက် (စနေနေ့) နံနက် ၉ နာရီမှစ၍ မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ဦးမြင့်နိုင်(မန္တလေး) ဖုန်း-၀၉-၅၀၀၁၅၉၂ နှင့် ဦးမင်းစိန် (မန္တလေး) ဖုန်း-၀၉-၂၀၁၅ ၁၆၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြိတ်မြို့နယ်အသင်းက ကျွန်းစုမြို့နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒီဇင်ဘာ ၅ ရက်တွင် တနင်္သာရီမြို့နယ်အသင်းနှင့် လောင်းလုံမြို့နယ်အသင်း၊ ကော့သောင်းမြို့နယ်အသင်းနှင့် ထားဝယ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်ပိုင်းဒေသများ ကွက်ကျားမိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

**ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်။**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မင်းကင်းမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၀၃ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၆၇ လက်မ၊ ဂန့်ဂေါမြို့တွင် သုည ဒသမ ၆၃ လက်မ၊ ဟသ်ာတမြို့တွင် သုည ဒသမ ၅၅ လက်မ၊ ကလေးဝမြို့တွင် သုည ဒသမ ၄၇ လက်မနှင့် မိတ္ထီလာမြို့တွင် သုည ဒသမ ၃၂ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်ညနေအထိခန့်မှန်းချက်**

ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

**မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး၊ အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက်က မင်္ဂလာတောင်ညွန့် အထက (၅)၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးမြင့်ကြိုင် ဟောပြောစဉ်။** (ကြေးမုံ)



## နိုင်ငံတကာအားကစား

# ရာဖေးလ်နာဒယ်လ် စပိန်ဒေးဗစ်ဖလားဆွတ်ခူး

**ဆီဗီးလ် ဒီဇင်ဘာ ၅**



ကမ္ဘာ့အဆင့်(၂) တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်လ် **(ယာပုံ)**သည် စပိန်နိုင်ငံ၌ ကျင်းပခဲ့သော စပိန်ဒေးဗစ်ဖလားကို ပြိုင်ဘက် ဂျူအန်မာတင်ဒယ်လ်ပေါ်ထရိုအား အနိုင်ယူကာ ဆွတ်ခူးနိုင်ခဲ့သည်။

နာဒယ်လ်သည် ပေါ်ထရိုအား ၁-၆၊ ၆-၄၊ ၆-၁၊ ၇-၆ ဖြင့် အနိုင်ယူကာ စပိန်ဒေးဗစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

စပိန်နိုင်ငံသား ရာဖေးလ်နာဒယ်လ်သည် အမိမြေတွင် ပြိုင်ဘက် ပေါ်ထရိုအား ရင်ဆိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင် ၁-၆ ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲစဉ်တွင် ပုံမှန်လက်စွမ်းပြန်လည်ရရှိခဲ့ပြီးနောက် နိုင်ပွဲပြန်တွေ့ကာ ယခုကဲ့သို့ ဆုဖလားရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**



# နှစ်နှစ်ဆက်တိုက် ဆုဖလားလက်မဲ့ဖြစ်နေမှုကို တိုက်ဂါးဝုဒ်အဆုံးသတ်

**ဝါရှင်တန် ဒီဇင်ဘာ ၅**

ပုဂ္ဂိုလ်ရေးပြဿနာများရင်ဆိုင်ခဲ့ရပြီးနောက် နှစ်နှစ်ဆက်တိုက် ဆုဖလားနှင့် ဝေးကွာခဲ့ရသည့် တိုက်ဂါးဝုဒ်**(အပေါ်ပုံ)**သည် (Chevron World Challenge)ပြိုင်ပွဲတွင် ပြိုင်ဘက်ဂျွန်ဆင်အား တစ်ချက်လျော့ဖြင့် အနိုင်ယူကာ ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ဝုဒ်သည် (၁၇)ကျင်းမြောက်ရိုက်သည်အထိ ဂျွန်ဆင်၏ နောက်တွင်သာရှိနေခဲ့သော်လည်း ထိုကျင်းရိုက်ချက်တွင် ဂျွန်ဆင်က ကျင်းနှင့် ၁၅ ပေကွာဝေးခဲ့ပြီး ဝုဒ်မှာ ခြောက်ပေသာကွာဝေးခဲ့သည်။ ထို့နောက် ၁၈ ကျင်းမြောက် ကျင်းသို့ ဆက်လက်ရိုက်ရာတွင် ဂျွန်ဆင်က ရိုက်ချက်ပိုရိုက်ခဲ့ရပြီး ဝုဒ်က တစ်ချက်တည်းဖြင့် ကျင်းဝင်အောင် ရိုက်နိုင်ခဲ့သည်။ ထို့ကြောင့် ဝုဒ်သည် တစ်ချက်လျော့ဖြင့် ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ **အင်တာနက်။**

# အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ ထုတ်ပြန်ကြေညာ

**လန်ဒန် ဒီဇင်ဘာ ၅**

အက်ဖ်အေဖလား တတိယအဆင့် ပွဲစဉ်များကို ထုတ်ပြန်ကြေညာခဲ့ရာ မန်ချက်စတာမြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သည့် မန်ယူနှင့် မန်စီးတီးတို့ ထိပ်တိုက်တွေ့ဆုံနေ၍ ပြိုင်ဆိုင်မှုပြင်းထန်မည့် ပွဲစဉ်တစ်ပွဲဖြစ်လာနိုင်သည်။

ထို့ပြင် ပရီမီယာလိဂ်အသင်းများ ဖြစ်သည့် အာဆင်နယ်မှာ လိဒ်ယူနိုက်တက်ဖြင့် လည်းကောင်း၊ ဖူလ်ဟမ်မှာ ချာလ်တန်နှင့် လည်းကောင်း၊ နော့ဝှစ်မှာ ဘန်ဘေနှင့် လည်းကောင်း၊ လီဗာပူးမှာ ဆောက်သန်းယူနိုက်တက်နှင့် လည်းကောင်း၊ နယူးကာဆယ်မှာ ဘလက်ဘန်းနှင့် လည်းကောင်း၊ ချယ်လ်ဆီးမှာ ပို့စ်မောက်နှင့်လည်းကောင်း ရင်ဆိုင်ရမည်ဖြစ်သည်။ **အင်တာနက်။**

**ဟိန်းထက်လင်း**

## ပြည်ပရုပ်ရှင်အနုပညာရပ်ဝန်း

# M:I 4 ဇာတ်ကားအတွက် အာရှသို့ ခြေဆန့်လျက်ရှိသည့် တွမ်ခရုစ်

နာမည်ကျော် ဟောလိဝုဒ်မင်းသား တွမ်ခရုစ်**(ယာပုံ)**သည် ၎င်း၏ဇာတ်ကားသစ် Mission: Impossible- Ghost Protocol(M:I 4) ဇာတ်ကားအရောင်းမြှင့်တင်ရေးအတွက် အာရှတိုက်နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများသို့ သွားရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။



တွမ်ခရုစ်သည် ဤဇာတ်ကားအရောင်းမြှင့်တင်ရေးအတွက် ပြီးခဲ့သည့် သောကြာနေ့က တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး စနေနေ့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိခဲ့သည်။

တွမ်ခရုစ်သည် M:I 4 ဇာတ်ကားတွင် ပူးတွဲသရုပ်ဆောင်ခဲ့သည့် ဘောလိဝုဒ်မင်းသား အနီလ်ကပူးနှင့်အတူ အိန္ဒိယနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များ ဆွဲဆောင်သည့် နေရာတစ်ခုဖြစ်သည့် တာ့ဂျ်မဟာသို့ သွားရောက်လည်ပတ်ခဲ့ပြီး တွမ်ခရုစ်က ယင်းနေရာကို နှစ်သက်သဘောကျကြောင်းနှင့် တာ့ဂျ်မဟာသို့ လာရောက်လည်ပတ်ချင်နေသည်မှာ ကြာပြီဟုဆိုသည်။

တွမ်ခရုစ်သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဘောလိဝုဒ် ထိပ်တန်းအနုပညာရှင်များဖြစ်သည့် ဘက်ချန်းမိသားစု၊ အမီရာခန်၊ ကတ်ထီနာကာအစ်ဖ်စသည့် အနုပညာရှင်အမြောက်အမြားနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

တွမ်ခရုစ်သည် Mission: Impossible 1,2,3 ဇာတ်ကားများရိုက်ကူးခဲ့ပြီး ပရိသတ်များ နှစ်သက်သဘောကျ၍ အောင်မြင်မှုများရရှိခဲ့ပြီးနောက် ယခု Mission: Impossible 4 ဇာတ်ကားကို ဆက်လက်ရိုက်ကူးခဲ့ရာ ယင်းဇာတ်ကားတွင် ဒူဘိုင်းမြို့ရှိ ကမ္ဘာ့အမြင့်ဆုံး Burj Khalifa အဆောက်အအုံအပါအဝင် သည်းထိတ်ရင်ဖိုစွန့်စားခန်းများ ပါဝင်သည်ဟု ဆိုသည်။ **အင်တာနက်။**

**အောဝမ်းစိုး**

# (၁၁)ကြိမ်မြောက် လန်ကာဝီအပြည်ပြည်ဆိုင်ရာ ရေကြောင်းနှင့် လေကြောင်းအာကာသပြပွဲသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၅**

မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပမည့် The 11th Langkawi International Maritime and Aerospace Exhibition 2011 (LIMA-11)သို့တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Col. Gan Seng Lock တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါ**

အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ မြစ်ကြီးနားတပ်နယ်မှ ဗိုလ်မှူးချုပ်ဦးကျော်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြပြီး ပြပွဲအား မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပို့ဆောင်နှုတ်ဆက်

**မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ကျင်းပမည့် The 11th Langkawi International Maritime and Aerospace Exhibition 2011 (LIMA-11)သို့ တက်ရောက်ရန် ထွက်ခွာသွားသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# ယင်းမာပင်မြို့နယ်အတွင်း မတည်ငွေကြေး အခက်အခဲရှိသည့်တောင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအတွက် ငွေစုငွေချေးအသင်းတစ်ခု တည်ထောင်လည်ပတ်လျက်ရှိရာ အသင်းပိုမိုကြီးထွားလာအောင် ဝိုင်းဝန်းဆောင်ရွက်

## အဆင့်မြင့်ပညာ ဆက်လက်သင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ ပညာရေးရည်မှန်းချက်များ အောင်မြင်အောင်ကြိုးစား



**နေပြည်တော် ဒီဇင်ဘာ ၅**

ယင်းမာပင်မြို့နယ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့ ပြည်သူ့ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

**ဆောင်ရွက်လျက်ရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်မားလာစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စသည့်လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ယင်းမာပင်မြို့နယ်အတွင်း အခမဲ့မျက်စိခွဲစိတ်ကုသမှုလုပ်ငန်းဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း။

ယင်းမာပင်မြို့နယ်အတွင်း မတည်ငွေကြေးအခက်အခဲရှိသည့် တောင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအတွက် ငွေကျပ်သိန်း ၅၀၀ မတည်၍ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ငွေစုငွေချေးအသင်းတစ်ခု တည်ထောင်လည်ပတ်လျက်ရှိရာ ၎င်းအသင်း ပိုမိုကြီးထွားကျယ်ပြန့်လာအောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။

အဆင့်မြင့်ပညာ ဆက်လက်သင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ပညာရေး **စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ဆုပေးအပ်

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယင်းမာပင်မြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)